မြဝတီ
နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၆၈)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**


- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakur ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်တွင် နှစ်နိုင်ငံချစ်ကြည်ရေးအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးချဲ့သွားရေးအခြေအနေများ၊ အိန္ဒိယနိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံမည့်အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုကိုသာမက အာဆီယံ-အိန္ဒိယစီးပွားရေးစင်္ကြံကို အထောက်အကူပြုသည့်စီမံကိန်းများအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံဘဏ်စနစ်များတိုးတက်ဆောင်ရွက်ရေးအခြေအနေများ၊ နှစ်နိုင်ငံဘက်စုံကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို **စာမျက်နှာ ၆ ကော်လံ ၁ ⇛**



ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၈၃)အဆန်/အမှတ်(၈၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ စတင်ပြေးဆွဲမည်



နေပြည်တော် ဇွန် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ရန်ကုန်-နေပြည်တော်-ရန်ကုန် ရထားခရီးစဉ်နှင့် ရန်ကုန်-မန္တလေး-ရန်ကုန်ရထားခရီးစဉ်များအား လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှု **စာမျက်နှာ ၆ ကော်လံ ၃ ❍**

## ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာ - ၅ သို့

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

စာ - ၆ သို့

## ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇွန် ၂၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခွဲကျော်တွင်ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ်၊ စက်မှုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများကို ၂၈-၆-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့) နံနက် (၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ၂၈-၆-၂၀၂၆ ရက်နေ့၊ နံနက်(၄)နာရီတွင် စာစစ်ဌာနအလိုက် အောင်စာရင်းဖိုင်များကို https://www.myanmarexam.org တွင်လည်းကောင်း၊ ခုံအမှတ်ဖြင့် တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်သော အောင်စာရင်းစနစ်ကို https://result.dme.gov.mm တွင် လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ စာမေးပွဲအောင်စာရင်းများကို အဆိုပါ Website များမှ ထုတ်ပြန်ကြေညာပေးမည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ်ကောင်းစွာမရရှိသည့် စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ် (၀၁-၆၅၃၅၀၇)သို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ၂၈-၆-၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ဆောင်းပါး**


သက်ရှည်ကျန်းမာနေထိုင်ဖို့ ဆီစားသုံးမှုလျှော့ချစို့ စာ - ၁၀ သို့

ပြည်ထောင်စုတည်ဆောက်ခြင်းနှင့်တရားသေအန္တရာယ် စာ - ၂၆ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၂၅ ရက်)

## တိုင်းပြည်သာယာဝပြောရေး တက်ညီလက်ညီပူးပေါင်းရှက်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းများအောင်မြင်မှုရှိစေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်အားလုံးပူးပေါင်း၍ ကဏ္ဍအလိုက်အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ဘဏ္ဍာရေးနှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများကိုအပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယခုလာမည့်ဘဏ္ဍာနှစ်အတွင်းပညာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများအဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ လဆန်းပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသို့တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး မကြာမီရက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်သွားရောက်ခဲ့သည်။ ထိုသို့ခရီးစဉ်များသွားရောက်စဉ် မိမိတို့နိုင်ငံတွင် ပြည်ပကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။

ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များရရှိမည်ဖြစ်သကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများပိုမိုတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများစွမ်းအားပြည့်လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့်သွင်းအားစုများရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မျက်ခြည်မပြတ်ကြပ်မတ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန်လ ၂၃ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ အမှာစကားပြောကြားစဉ် **“မိမိတို့နိုင်ငံတွင်မြေပေါ်မြေအောက်သယံဇာတများ၊အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း၊ အလုပ်လုပ်ချင်စိတ်သည် လူတိုင်းနှင့်သက်ဆိုင်ပြီး အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်သဖြင့် နိုင်ငံတော်မှအလုပ်အကိုင်အခွင့်အလမ်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်တတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများရှိရန်လိုအပ်သဖြင့် လိုအပ်သည်များကိုသင်ကြားပြသပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအားလုံးလည်ပတ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာစေရေးတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည်စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရန်သတ်မှတ်ထားသည့် သီးနှံများအားလုံးရာနှုန်းပြည့်စိုက်ပျိုးနိုင်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် (၄)ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်များရရှိမှသာ အထွက်နှုန်းများတိုးတက်လာမည်ဖြစ်သဖြင့် မျိုးကောင်းမျိုးသန့်များရရှိစေရေးဆောင်ရွက်သွားကြရန်လိုအပ်သလို မြေကောင်းမွန်ရေးအတွက်လည်း လိုအပ်သည့်သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာများကို စနစ်တကျထည့်သွင်းပြုပြင်ဆောင်ရွက်သွားရန်လိုအပ်သည်။ အလားတူစိုက်ပျိုးရေနှင့်အောင်ရေများလုံလောက်စွာရရှိရေးအတွက်လည်းဆောင်ရွက်ပေးရန်လိုပြီး နည်းစနစ်တကျစိုက်ပျိုးရန်လည်းလိုသည်။

မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပြည်ပနိုင်ငံများသို့ ကျွဲ၊ နွားများကို တရားမဝင်တင်ပို့ခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျွဲနှင့်နွားများရှားပါးလာပါက စိုက်ပျိုးရေးလုပ်ငန်းများကိုထိခိုက်လာနိုင်သည်။ ထို့ကြောင့်ကျွဲနှင့်နွားများ ပိုမိုတိုးတက်မွေးမြူနိုင်ရေး မွေးမြူရေးဇုန်များဖြင့် တစ်အုပ်တစ်မမွေးမြူဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နို့စားနွားများကိုပါထည့်သွင်းမွေးမြူသွားရန်နှင့် အလားတူဒေသအလိုက်စားသောက်ရေးကိုအထောက်အကူပြုစေမည့် ကြက်၊ ဝက်၊ ဆိတ်နှင့် ငါးများကိုလည်း တိုးတက်မွေးမြူသွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကိုတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များစွာလိုအပ်သည်။ ထို့ကြောင့်အခြေခံပညာအလယ်တန်းမှစတင်၍ စိုက်ပျိုးမွေးမြူရေးအခြေခံပညာရပ်များကို သင်ကြားပေးနေခြင်းဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပညာတတ်လူသားအရင်းအမြစ်များပိုမိုတိုးတက်ကြွယ်ဝလာစေရေးအတွက် ကျောင်းနေရာခိုင်နှုန်းများမြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပညာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းအပ်နှံမှုများမှာ ၇ သန်း ၂ သိန်းကျော်ခန့်ရှိပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် KG+9 အထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ KG+9 အထိ သင်ကြားမည်ဆိုပါက ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ဘဝရပ်တည်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် လူ့စွမ်းအားအရင်းအမြစ်များတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများတွင်ပါဝင်လာမည်ဆိုပါက ဒေသစီးပွားရေး၊ နိုင်ငံ့စီးပွားရေးသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး မြို့နယ်အဆင့်ပန်းချီပြိုင်ပွဲကျင်းပ

နတ်မောက် ဇွန် ၂၄

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲကို ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဇဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသားလူငယ်များ အသိပညာဗဟုသုတကြွယ်ဝစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စိတ်ကူးစိတ်သန်းထက်မြက်စေရန်၊ ပန်းဆယ်မျိုးတွင်တစ်ခုအပါအဝင်ဖြစ်သည့် ပန်းချီပညာကို ပိုမိုလေ့လာနိုင်ရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူတော်လူကောင်းများဖြစ်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား၊ကျောင်းသူများက “စာကြည့်တိုက်မှသည် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဆီသို့” ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇွန်လ ၂၅ ရက်တွင် အမှတ်( ၁)အခြေခံပညာအထက်တန်းကျောင်းပတ္တမြားခန်းမ၌ ဆုများပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

လှဝင်း

## စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင်မြေပဲဧက ၉၁၆၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးရာ ယနေ့အထိ ၁၇၅၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲသီးနှံဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်” ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၆-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်

၂။ ၁၀:၀၀ Internet Pages

၃။ ၁၄:၃၀ Live For You

၄။ ၁၇:၀၀ အနုပညာခရီးလမ်း

၅။ ၁၈:၂၀ Thazin Request Song

၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

### MWD Education, Knowledge & Sport Channel

၂၅-၆-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ ၀၇:၀၀ မှ ၀၈:၃၀ ထိ | Grade-9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ ၁၅:၃၀ မှ ၁၇:၅၀ ထိ | Grade-9 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ ၁၇:၅၀ မှ ၂၀:၁၅ ထိ | Grade-9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သဲကုန်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၈၂၀၀၀ ကျော် စိုက်ပျိုးရန်လျာထား



သဲကုန်း ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ ဒေသတွင်းစားရေရိက္ခာ ဖူလုံစေရန်နှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၈၂၀၀၀ ကျော်စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးများကို ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းတို့ဖြင့် ရေဆင်းပေါ်ဆန်း-၁ ဧက ၇၀၊ ရေဆင်းပေါ်ဆန်း ၆၉ ဧက၊ ထိုင်းနှံကောက် ၁၁၆၂၂ ဧက၊ မှော်ဘီ(၂) ၁၁၀၀၆ ဧက၊ ရက်-၉၀ ၁၁၄၅၄ ဧက၊ ရတနာတိုး ၂၄၉၃၅ ဧက၊ ဗီယက်နမ် ဧက ၁၁၅၆၀၊ အင်းမရဲဘော် ၈၃၂၄ ဧက၊ ယာ-၁၄ ဧက ၈၃၀၊ မနောသုခ ဧက ၂၂၀၀ နှင့် အောင်နိုင်တိုး ဧက ၅၄၀ စိုက်ပျိုးမည်ဖြစ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးနည်းစနစ်များကို ကွင်းသရုပ်ပြခြင်း၊ နှစ်စဉ် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပံ့ပိုးပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းများ သရုပ်ပြခြင်း၊ ဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးနည်းပညာများ လက်တွေ့ကွင်းဆင်းသရုပ်ပြပေးခြင်း၊ စိုက်ပျိုးနည်းစနစ်သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် တောင်သူအသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်း စသည်တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

# ဒေးဒရဲမြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများပေးအပ်

ဒေးဒရဲ ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ Rice Export Zone ဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား စပါးအထွက်နှုန်းနှင့် အရည်အသွေးတိုးတက်စေရေး လိုအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲကို ဇွန်လ ၂၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေးဒရဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇင်မောင်မောင်က မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများ တစ်ဦးချင်းဝင်ငွေတိုးမြင့်စေရန်နှင့် ပြည်ပပို့ကုန်ဈေးကွက်လိုအပ်လျက်ရှိသော မျိုးများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ပြီး တိုးမြှင့်တင်ပို့နိုင်ရန်ရည်ရွယ်၍ ချေးငွေများထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ Exporter ကုမ္ပဏီများမှ တာဝန်ရှိသူများက တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် တောင်သူ ၅၉၀ ဦး၏ မိုးစပါးစိုက်ဧက ၁၈၂၀၀ အတွက် ချေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေး



မြစ်သား ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတများရရှိစေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်စေရန်၊ လူငယ်အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ပြီး လူအများရှေ့၌ စကားပြောဆိုရာတွင် ရဲဝံ့စွာပြောဆိုဆွေးနွေးသည့် အလေ့အကျင့်ကောင်းများရရှိစေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-8 မှ မောင်သီဟနိုင်က လူငယ်နှင့်မူးယစ်ဆေး၊ မဝင့်ဝါအောင်က လူငယ်နှင့်နည်းပညာ၊ Grade-9 မှ မနှင်းလွဲ့လွဲ့မွန်က လူငယ်နှင့်စာရိတ္တ၊ မချမ်းမြေ့မြေ့သော်က လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ပုတီးရိုးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ တောင်သူများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ အရည်အသွေးမြင့်မားလာစေရန်၊ ထုတ်လုပ်မှုစွမ်းအားတိုးတက်စေရန်နှင့် သက်ဆိုင်ရာဌာနများ၏ နည်းပညာများကို လက်တွေ့အသုံးချဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကို ဇွန်လ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဒေသ၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများအနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ နည်းပညာနှင့်အကြံပြုချက်များကို အလေးထားလိုက်နာကျင့်သုံးကာ အရည်အသွေးမြင့် စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟေမာန်ကျော်ဝင်းက သီးနှံအထွက်နှုန်းတိုးတက်ရန်၊ ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးနည်းစနစ်များအကြောင်းကို အသိပညာပေးဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူဝင်းက မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် တောင်သူများအတွက် အကျိုးပြုမည့်နည်းပညာများ၊ ဝန်ဆောင်မှုအစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အသိပညာများနှင့် သိရှိလိုက်နာဆောင်ရွက်သင့်သည့် အချက်အလက်များကို အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ နည်းပညာပေးဆွေးနွေးပွဲသို့ ဒေသခံတောင်သူများ တက်ရောက်ကြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## မြဝတီ ကာတွန်း



# ကမ္ဘဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

"ဒါကြောင့်မို့ အသန့်သည်းမခံနိုင်တော့ဘူး အစ်ကိုကံကောင်း၊ လက်ထပ်ပြီးစ သုံးလေးနှစ်တုန်းကတော့တော်ပါသေးရဲ့ အဲဒီကတည်းက ဆိုးသမျှ ပေသမျှကို အသန့်ကျိတ်ပြီးသည်းခံခဲ့တယ်။ အသန့်ကို ကိုယ်ထိလက်ရောက် စော်ကားပေါင်းများလှပြီ၊ အစကတော့ ကျိတ်ပြီးခံခဲ့တယ်၊ စစ်ပြီးတော့မှ ပိုပြီးဆိုးလာတယ်၊ အသန့် အိမ်ကထွက်ခဲ့တာနှစ်ခါရှိပြီ၊ သူအမူးပြေရင် လိုက်ပြီးခြေသလုံးဖက်တောင်းပန်လို့ အသန့်ပြန်လိုက်သွားခဲ့တယ်၊ လိုက်ပြန်တော့လည်း စော်ကားပြန်တာပဲ၊ ဒါကြောင့်မို့ ဒီတစ်ခါတော့ အပြတ်မှအပြတ် သူသေနေတောင် မကြည့်တော့ပါဘူးလို့ ဘုရားအိုးရေသောက်ပြီးမှ ထွက်ခဲ့တာ၊ ချာချီလမ်းက အသိတွေအိမ်ကိုသွားရင် သူလိုက်ပြီးခေါ်ဦးမှာစိုးလို့ အစ်ကိုကံကောင်းဆီကိုပဲ တိုက်ရိုက်လာခဲ့ရတယ်၊ အသန့် နက်ဖြန်ကျရင် စစ်ကိုင်းချောင်ကို သွားတော့မလို့ပဲ" ဟု အသန့်က ဆက်၍မျက်ရည်တစမ်းစမ်းနှင့် ပြောရှာပြန်ပါသည်။

ကျွန်ုပ်ကား သက်ပြင်းကိုသာချမိ၏။ အသန့်ကို သနားစိတ်လည်း တဖွားဖွားပေါ်နေ၏။ အစိုးရထံ ဆန်အိတ်အပ်ရဖို့မှာလည်း ဦးစိန်မောင်ထံက ဆန်အိတ်မရလျှင် ခွကျဦးမည်ကိုသိ၏။ ဆန်အိတ် ၃၀၀ ဖိုးနှင့်တန်သော ပစ္စည်းအထုအထည်လည်း ဦးစိန်မောင်၌ မကျန်တော့ပေ။ ဤကြားထဲတွင် အမှီ၏ကိစ္စဖြင့် တနင်္သာရီဘက်သို့ အပြေးအလွှား သွားရမည်ကလည်း ရှိနေသေး၏။ လောလောဆယ်ဆယ်တွင် အသန့်အား ကျွန်ုပ်၏တိုက်ခန်းတွင် နှစ်ယောက်ချင်း ညအိပ်လက်ခံရမည်မှာလည်း မသင့်သေး။ စိတ်ထဲတွင် အတွေးမျိုးစုံ လုံးလည်ချာလပတ်လိုက်၍ နေပေတော့သည်။ ပြီးမှ ...

"အင်း ... ဦးစိန်မောင်ကလည်း ခက်တယ်၊ အစ်ကိုကံကောင်းလည်း အသန့်ရဲ့ မျက်နှာကြောင့် အစစအရာရာ ငွဲခဲ့တာပဲ အစွမ်းတော့ ကုန်နေပြီလေ၊ ဘယ်လိုလုပ်ရမှန်းကို မသိသလောက်ပဲ အသန့်ရယ် ... ကဲ အစ်ကိုကံကောင်း တစ်ခုပြောမယ် ဟုတ်လား၊ ဒီတစ်ခါတော့ သူ့ကို အသန့်ခွင့်လွှတ်လိုက်ဦးဟုတ်လား၊ အစ်ကိုကံကောင်းလည်း ခရီးထွက်ရမည့်ဆဲဆဲမှာ မထွက်သေးဘဲနဲ့ ဆန်အိတ် ၃၀၀ ကို တခြားတစ်နေရာကရအောင်ရှာပြီး ဝယ်ထားလိုက်ရဦးမယ်၊ ဒီတစ်ခါတော့ဖြင့် ဦးလေးတို့လုပ်ငန်းက ငွေနဲ့မဟုတ်ဘဲ အစ်ကိုကံကောင်းရဲ့ပိုက်ဆံနဲ့စိုက်ပြီး ဝယ်ရမှာ၊ အေးလေ ... ထားပါတော့၊ ဒီတော့ကာ အစ်ကိုကံကောင်းက ဒါလောက်လုပ်ပေးမယ်ဆိုရင် အသန့်ကလည်း ခုည ချာချီလမ်းမှာ အိပ်၊ သူလိုက်ပြီးခေါ်ရင် ခနောင်တိုကို ပြန်လိုက်သွားပါဦးကွယ်၊ ဒီတစ်ခါတော့ သူ့ကိုကျေလိုက်ပါဦး ... ဟုတ်လား သုံးကြိမ်သုံးခါ ခွင့်လွှတ်လို့မှ သူနောင်မကြည်ဘူးဆိုရင်တော့ အသန့်ဘာသာအတိုင်းပဲ ဟုတ်လား" ဟု ပြေရာပြေကြောင်းပြောလိုက်ရပေရာ အသန့်ကမူ ခေါင်းကိုသာ တွင်တွင်ခါလျက် ...

"မဖြစ်နိုင်ပါဘူး အစ်ကိုကံကောင်း ... အသန့် ဆယ်နှစ်လုံးလုံးစဉ်းစားပြီးမှ ဆုံးဖြတ်တာပါ၊ ဒေါသအလျောက် ဆုံးဖြတ်တာမှ မဟုတ်ဘဲ ...၊ ပြီးတော့လည်း အသန့်မငယ်တော့ပါဘူး အစ်ကိုကံကောင်းရယ် ကိုယ်ဘာလုပ်တယ်ဆိုတာကို မသိတဲ့အရွယ်လည်း ဟုတ်မှမဟုတ်တော့ပါဘဲ၊ အသန့် စစ်ကိုင်းချောင်ကိုသွားမှပဲ ဒီဝဋ်က လွတ်မှာ၊ ပြီးတော့ အသန့်လေ သူ့မျက်နှာကို ..."

**"ကျွန်ုပ်ကား သက်ပြင်းကိုသာချမိ၏။ အသန့်ကို သနားစိတ်လည်း တဖွားဖွားပေါ်နေ၏။ အစိုးရထံ ဆန်အိတ်အပ်ရဖို့မှာလည်း ဦးစိန်မောင်ထံက ဆန်အိတ်မရလျှင် ခွကျဦးမည်ကိုသိ၏။ ဆန်အိတ် ၃၀၀ ဖိုးနှင့်တန်သော ပစ္စည်းအထုအထည်လည်း ဦးစိန်မောင်၌ မကျန်တော့ပေ။ ဤကြားထဲတွင် အမှီ၏ကိစ္စဖြင့် တနင်္သာရီဘက်သို့ အပြေးအလွှား သွားရမည်ကလည်း ရှိနေသေး၏။ လောလောဆယ်ဆယ်တွင် အသန့်အား ကျွန်ုပ်၏တိုက်ခန်းတွင် နှစ်ယောက်ချင်း ညအိပ်လက်ခံရမည်မှာလည်းမသင့်သေး။ စိတ်ထဲတွင် အတွေးမျိုးစုံ လုံးလည်ချာလပတ်လိုက်၍ နေပေတော့သည်. . ."**

စကားမဆုံးသေးမီပင် ကျွန်ုပ်၏ တိုက်ခန်းတံခါးကို အပြင်ဘက်မှ တဝုန်းဝုန်းထုလိုက်သောအသံကြောင့် နှစ်ယောက်သား စကားပြတ်သွားကြရကာ ကျွန်ုပ်လည်း တံခါးကို ရိုးရိုးမခေါက်ဘဲ တဝုန်းဝုန်းနေအောင် ထုသည်ကို ဒေါသထွက်ရင်း "ဘယ်သူလဲ တံခါးကို ဒါလောက်ထုနေတာ" ဟု ခပ်မာမာဆိုရင်း အခန်းတံခါးကို ဖွင့်လိုက်ရလေ၏။ တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်မှာ နှာခေါင်းကိုရှုံ့၍ အသက်ရှူရပ်ထားလိုက်မိပေသည်။ တံခါးပေါက်၌ ရပ်နေသူကား ဦးစိန်မောင်ကိုယ်တိုင်ပင်ဖြစ်နေ၏။ သူ့ပါးစပ်မှ အရက်နံ့တထောင်းထောင်းထွက်၍ နေလေတော့သည်။

ကျွန်ုပ် အံ့အားသင့်ကာ အရက်နံ့ကို မခံနိုင်ဘဲ နှာခေါင်းရှုံ့နေမိစဉ်ပင် ဦးစိန်မောင်သည် ပြူးတူးပြဲတဲ နီရဲနေသောမျက်လုံးကြီးများဖြင့် အခန်းတွင်းသို့ ကဲ၍ကြည့်ကာ အသန့်ပြူးကြောင်ကြောင်ဖြစ်ကာ ထိုင်နေသည်ကို မြင်သည်နှင့်တစ်ပြိုင်နက် "ဟား ... ဟား အသန့်က ဒီမှာကိုးကွ" ဟု သရော်သံကြီးနှင့်ဆိုကာ အိမ်ခန်းထဲသို့ ဒယီးဒယိုင်လှမ်း၍ဝင်လိုက်သဖြင့် ကျွန်ုပ်လည်း ဘေးမှလိုက်လာရင်း ဦးစိန်မောင်၏ အကဲကို ကြည့်နေရလေ၏။

ဦးစိန်မောင်ကား အရက်နံ့တထောင်းထောင်းထနေသော်လည်း အရက်ဝါရင့်သူပီပီ မူးရာကပင် သတိမလစ်ပေ။ ကျွန်ုပ်က "ထိုင်ပါ ဦးစိန်မောင် ထိုင်ပါ"ဟု ကုလားထိုင်တစ်လုံးကို ဆွဲ၍ ပေးလိုက်သည်၌ ဦးစိန်မောင်က "ဟား ... ဟား မထိုင်ပါဘူး သူဌေးမင်းရယ်၊ ကျွန်တော် အသန့်နဲ့ စကားတစ်ခွန်းနှစ်ခွန်းလောက်ပြောချင်လို့ပါ ဟဲဟဲ၊ ကျွန်တော်လာတာဟာ အနှောင့်အယှက်များ ဖြစ်နေရော့လားဗျာ" ဟု ကျွန်ုပ်၏ အိပ်ရာခန်းဆီသို့ မျက်လုံးတစ်ချက်ဝဲ၍ သရော်သံကြီးနှင့် ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ဟုန်းခနဲ ဒေါသထွက်ကာ လက်သီးကိုပင် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိပေတော့သည်။

ကျွန်ုပ်တွင် ဦးစိန်မောင်၏ မတော်မတရားစကားရိပ်ကြောင့် မျက်လုံးများပင် မီးပွင့်သွားမတတ် ဒေါသထွက်မိ၏။ ကျွန်ုပ်က တမင်လွှဲရှောင်ခဲ့၍ သူရယူနိုင်ခဲ့သောအသန့်ကို သူ့ထံပြန်သွားရန် ကျွန်ုပ်က တိုက်တွန်းနေသည့်ဆဲဆဲ၌ ဤစကားကိုကြားရသည်မှာ တကယ်ပင် မခံချိစရာရှိလှပေတော့သည်။ သို့သော် အရက်မူးနေသူဖြစ်သည့်အလျောက် ပေါက်ကွဲ၍ ထွက်အံ့သောဒေါသကို အနိုင်နိုင်ချုပ်ထိန်းလိုက်ရ၏။ အသန့်ခမျာမှာလည်း မျက်ရည်တွေကျဆင်းလျက် နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ကာ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်၍ နေရှာပေတော့သည်။

ဤအခိုက်တွင် ဦးစိန်မောင်လည်း မသိမသာ ယိမ်းထိုးနေရင်းက "ကိုင်း ... အသန့် ကိုစိန်မောင်ကို အပြီးအပြတ်ပစ်ပြီး သွားတော့မလို့ဆိုဟုတ်လား ... ဟဲဟဲ ကိုစိန်မောင်ရယ်လေ အသန့်ကို ချာချီလမ်းမှာတောင် လိုက်ပြီးရှာသေးတယ်၊ မတွေ့ဘူး။ ဒါနဲ့ အသန့် ချာချီလမ်းအပြင် ဘယ်မှာများ အားကိုးရှိသေးသလဲလို့ တွေးလိုက်တော့ အဟဲ ... အသန့် ဘယ်မှာဆိုတာ ကိုစိန်မောင် ချက်ချင်းတွေးမိတာပေါ့ကွဲ့ ဟဲဟဲ ..." ဟု စကားစလိုက်ပြန်၏။ ကျွန်ုပ်ကား ဦးစိန်မောင်ကို လည်ကုပ်မှကိုင်၍ ပြတင်းပေါက်က ပစ်ချရန် အူယားး၍ နေပေပြီ။ သို့သော် အသန့်၏ရှေ့တွင် ရန်းရင်းဆန်ခတ်မဖြစ်လိုသောကြောင့် ဒေါသစိတ်ကို ဖွတ်မိုတ်၍ ချုပ်ထားရရင်း၊ "ထိုင်ပါဦး ဦးစိန်မောင်၊ ဦးစိန်မောင် အတော်မူးနေပါတယ်၊ ထိုင်လိုက်ရင် သက်သာပါလိမ့်မယ်၊ ကျွန်တော် ရေခဲသေတ္တာထဲက ရေခဲသွားယူပါဦးမယ်၊ နဖူးမှာကပ်လိုက်ရင် အမူးသက်သာသွားပါလိမ့်မယ်" ဟု အကျိုးအကြောင်း ဖျောင်းဖျောင်းဖျဖျ ပြောလိုက်ရပြန်၏။ သို့တိုင်အောင် ဦးစိန်မောင်က အရက်ဖြင့် မှေးနေသော မျက်လုံးများကို ပြူး၍ ကြည့်ရင်း မဲ့မဲ့ရွဲ့ရွဲ့ပြုံးရာက "ဒုက္ခမရှာပါနဲ့ သူဌေးမင်းရဲ့ ဟဲဟဲ ... သူဌေးမင်းအိမ်က ဖရီဂျီဒယ်ယာတွေ ဘာတွေနဲ့ ဟန်ကျသနော် ဟားဟား အသန့် ဘယ်တုန်းက အိမ်ကိုရောက်သတုံး"ဟု စကားဖောက်လိုက်ပြန်သဖြင့် အသန့်လည်း ကျွန်ုပ်နှင့် မတူတရူ စကားရိပ်၍ ဦးစိန်မောင်ပြောဆိုနေသည်ကို မခံမရပ်နိုင်တော့သည့်အလား "ဘယ်အချိန်ကရောက်ရောက် ရှင့်အပူတစ်ပြားသားမှမရှိဘူး၊ ကိုင်း ... မူးမူးရူးရူးနဲ့ သူများအိမ်မှာ အရှက်လည်းမရှိဘူး၊ သွားပါတော့ရှင်...သွားပါတော့" ဟု ပြောရင်းက အသံတွေ အက်ကွဲကာ ချုံးချ၍ ငိုရှာလေတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြိတ်မြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုး

မြိတ် ဇွန် ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် Polytechnic University (ကွန်ပျူတာမဟာဌာန)၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လ ၂၄ ရက်တွင် ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် မြိတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်နှင့် တာဝန်ရှိသူများက စိုက်ပျိုးကြမည့်ပျိုးပင်များကို တက်ရောက်လာကြသူများအား ပေးအပ်သည်။

ထို့နောက် မြိတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ Polytechnic University ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးကြသူများအား လိုက်လံကြည့်ရှုအားပေးကြကြောင်း၊ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပျဉ်းကတိုးပင် ၂၀၀၊ သင်္ကန်းပင် ၃၅ ပင်၊ မဟော်ဂနီပင် ၁၀၀၊ ခရေပင် ၅၀၊ ကံ့ကော်ပင် ၅၀၊ စိန်ပန်းကြီးပင် ၃၀၊ မန်ဂျန်ရှားပင် ၁၄၀ စုစုပေါင်း ပျိုးပင် ၆၀၅ ပင်ကို စိုက်ပျိုးကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲကျင်းပ

နတ်မောက် ဇွန် ၂၄

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူး၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲကို ဇွန်လ ၂၄ ရက်တွင် နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတကြွယ်ဝစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စိတ်ကူးစိတ်သန်းထက်မြက်စေရန်နှင့် ပန်းချီပညာကို ပိုမိုလေ့လာနိုင်ရန်ရည်ရွယ်၍ ပန်းချီပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ နတ်မောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက စာကြည့်တိုက်မှသည် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဆီသို့ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဇွန်လ ၂၅ ရက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပြတ် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများအား အိန္ဒိယနိုင်ငံသို့ စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများ စေလွှတ်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သံတမန်ရေးရာနှင့် ဥပဒေရေးရာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဇွန် ၂၄

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ကောင်စစ်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တရုတ်နိုင်ငံသံရုံးမှ ကောင်ဆယ်လာက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၄) ထောက်ပံ့ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ပို့ချခဲ့သော သင်တန်းဆင်းသူများ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဘေးကင်းသောအစားအစာထုတ်လုပ်မှုဆိုင်ရာများကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စားသောက်ကုန် ထုတ်လုပ်မှုဆိုင်ရာ ကုန်အညွှန်းအမှတ်အသား ဖော်ပြမှုနှင့် ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးဆောင်ရွက်ပေးမှုအခြေအနေကိုလည်းကောင်း၊ လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေး၍ လုပ်ငန်းအလိုက် တင်ပြချက်များအပေါ် တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးအကြံပြုကြကြောင်း သိရသည်။ **မြဝတီ**

# အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၄

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၆)ကို နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော နိုင်ငံပိုင်ရုံးအဆောက်အအုံ၊ အထူးအဆောက်အအုံများနှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးစေရေး အလေးထားဆောင်ရွက်ပေးရန်တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲနှင့်နည်းပညာဆိုင်ရာ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်သော နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ ငလျင်ကာလအလွန် ပြန်လည်ထူထောင်ရေးအတွက် ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ





# ငဖဲမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်းကျင်းပ

ငဖဲ ဇွန် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်များဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ယမန်နေ့က ငဖဲမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်၊ ဗလငါးတန်ဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရန် ကျောင်းစာသာမက သုတ၊ ရသစာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မဖြူနှင်းဝင့်ထယ်က အသွင်သစ်မူးယစ်ဆေးဝါးအန္တရာယ်၊ မအိပိုးဖြူက မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ မဇွန်ရည်ထက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မမေရီအမ်က ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသော ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။

မယု(ငဖဲ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

ဘယ်လာရုစ်နိုင်ငံ ဘရက်စ်မြို့၌ ကျင်းပသည့် 2nd International Forum of the Union State "Great Heritage Common Future"ဖိုရမ်တက်ရောက်ရာမှ ပြန်လည်ထွက်ခွာလာသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၄ ရက်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်အချိန်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏာဘုမ္မိလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ည ၈ နာရီ ၁၅ မိနစ်အချိန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။



လေဆိပ်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးထွေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

မြဝတီ

⇛ **ရှေ့ဖုံးမှအဆက်**

ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီးဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်



နေပြည်တော် ဇွန် ၂၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ (Global Sustainable Development Congress 2026 – GSDC 2026) သို့ တက်ရောက်ရန် ဇွန်လ ၂၂ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ညနေပိုင်းတွင် ဂျကာတာမြို့သို့ရောက်ရှိကြသည်။

ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ Indonesia Convention Exhibition (ICE)၌ကျင်းပမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ အဆင့်မြင့်ပညာ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အရှေ့တောင်အာရှနှင့်အာရှနိုင်ငံများမှ ပညာရေးဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံတကာမှ တက္ကသိုလ်များနှင့်ပညာရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ လေ့လာသူများတက်ရောက်ကြသည်။

ညီလာခံတွင်ခေါင်းစဉ်အလိုက်ဆွေးနွေးပွဲများကို သီးခြားစီကျင်းပကြသည့်အပြင် နိုင်ငံတကာမှ တက္ကသိုလ်များနှင့် ပညာရေးအဖွဲ့အစည်းများကလည်း ပြခန်းများ ဖွင့်လှစ်ပြသကြသည်။

ညီလာခံဆွေးနွေးမှုတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာချောချောစိန်က "ကျွမ်းကျင်မှုရှိသည့် ပညာတတ်များပြုစုပျိုးထောင်ခြင်းဖြင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ကျွမ်းကျင်မှုအခြေခံသည့် အရည်အသွေးပြည့်ဝသော ပညာရေးဖြစ်လာစေရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးမှု၏အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ပညာရေးဘတ်ဂျက်ကိုတိုးမြှင့်သုံးစွဲပြီး နည်းပညာမြင့်မား၍ အရည်အသွေးပြည့်ဝသည့် ပညာတတ်များဖြစ်ရန် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း ထည့်သွင်းဆွေးနွေးသည်။

အဆိုပါ ညီလာခံကို ဇွန်လ ၂၂ ရက်မှ ၂၅ ရက်အထိ လေးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

❍ **ခေတ်မီ DEMU လူစီးအမြန်ရထားများမှ**

များသောကြောင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအတွင်း အမှတ်(၈၃)အဆန် ရန်ကုန်-မော်လမြိုင်ခရီးစဉ်နှင့် အမှတ်(၈၄)အစုန် မော်လမြိုင်-ရန်ကုန်ရထားခရီးစဉ်များကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ အသုံးပြု၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၈၃)အဆန် | ရန်ကုန် | မော်လမြိုင် | ၀၅:၀၀ | ၁၁:၀၀ | (၆)နာရီ |
| ၂ | အမှတ်(၈၄)အစုန် | မော်လမြိုင် | ရန်ကုန် | ၁၂:၀၀ | ၁၈:၀၀ | (၆)နာရီ |

အထက်ပါ စတင်ပြေးဆွဲမည့် အမှတ်(၈၃)အဆန်/အမှတ်(၈၄) အစုန် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းတစ်ဆိုင်းတွင် အထက်တန်း(၂)တွဲ၊ ပထမတန်း(၄)တွဲပါရှိပြီး အထက်တန်းတွင် ၇၂ ဦးနှင့် ပထမတန်းတွင် ၂၄၀ စုစုပေါင်း ၃၁၂ ဦး စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။ လက်မှတ်ခန့်မှန်းထားမှာ ခရီးစဉ်အစအဆုံး အထက်တန်းအတွက် ငွေကျပ် ၂၂၀၀၀ နှင့် ပထမတန်းအတွက် ငွေကျပ် ၁၆၀၀၀ တို့ဖြစ်သည်။ အဆိုပါရထားသည် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ သိမ်ဇရပ်၊ ကျိုက်ထို၊ သထုံ၊ ပေါင်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် (၆)နာရီသာကြာမြင့်မည်ဖြစ်ရာ နေ့ချင်းပြန်သွားရောက်နိုင်မည်ဖြစ်သည်။

ထို့အတူ ရန်ကုန် – မော်လမြိုင်ရထားလမ်းပိုင်းတွင်ပြေးဆွဲလျက်ရှိသော အမှတ်(၈၁) အဆန်/ အမှတ် (၈၂)အစုန် လူစီးအမြန်ရထားနှင့် ယခုပြေးဆွဲမည့် အမှတ်(၈၃)အဆန်/အမှတ်(၈၄)အစုန် ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို Online Railways Tacketing and Payment System(ORTP)စနစ်ဖြင့် လက်မှတ်များဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးအတွက် ၇ ရက်နှင့် ကြားဘူတာများအတွက် ၅ ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြဝတီ

## ၂၄-၆-၂၀၂၆ မှတ်သားဖွယ်ရာမိုးရေချိန်များ

မိုးကောင်း ၄ ဒသမ ၀၂ လက်မ
ဟုမ္မလင်း ၂ ဒသမ ၈၄ လက်မ
ကျောက်ဖြူ ၁ ဒသမ ၉၉ လက်မ
တောင်တွင်းကြီး ၁ ဒသမ ၉၃ လက်မ
စစ်တွေ ၁ ဒသမ ၇၄ လက်မ
နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) ၁ ဒသမ ၅၃ လက်မ
ဖြူး ၁ ဒသမ ၃၈ လက်မ
ပင်လောင်း ၁ ဒသမ ၃၈ လက်မ
ပိုင်ကျုံ ၁ ဒသမ ၂၅ လက်မ
နေပြည်တော် (ဇေယျာသီရိမြို့နယ်) ၁ ဒသမ ၁၈ လက်မ
မုဒုံ ၁ ဒသမ ၁၈ လက်မ
ပဲခူး ၁ ဒသမ ၁၀ လက်မ

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် လက်ရှိချန်ပီယံရောဝတီအသင်း ဆက်လက်ဦးဆောင်

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ကို ဇွန်လ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိရာ လက်ရှိချန်ပီယံရောဝတီအသင်း ဂိုးကွာခြားချက်ဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲစဉ်(၂)တွင် လက်ရှိချန်ပီယံ ရောဝတီအသင်းက Young Lionesses အသင်းကို ၃ ဂိုး ဂိုးမရှိ၊ အားကစားနှင့်ကာယပညာသိပ္ပံအသင်းက ဇွဲကပင်ယူနိုက်တက်အသင်းကို ၃ ဂိုး ဂိုးမရှိ၊ ရတနာပုံအသင်းက ရန်ကုန်စီးတီးအသင်းကို ၆ ဂိုး ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိပြီး သစ္စာအားမာန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့သည် တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၂)၏ရောဝတီနှင့် Young Lionesses အသင်းပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို စန်းသော်သော် (ရောဝတီ)၊ အားကစားနှင့်ကာယပညာသိပ္ပံနှင့်ဇွဲကပင်ယူနိုက်တက်ပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match)ကို မီမီဇင် (အားကစားနှင့်ကာယပညာသိပ္ပံ)၊ ရန်ကုန်ယူနိုက်တက်နှင့်မြဝတီပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match)ကို ဇင်မိုးပြည့်(ရန်ကုန်ယူနိုက်တက်)၊ ရတနာပုံနှင့် ရန်ကုန်စီးတီးပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ဝင်းသီဂီထွန်း (ရတနာပုံ)၊ သစ္စာအားမာန်နှင့်ရှမ်းယူနိုက်တက်ပွဲအတွက်အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ဝင်းဝင်း(သစ္စာအားမာန်)က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းစီ ချီးမြှင့်သည်။



ပွဲစဉ်(၂)အပြီးတွင် လက်ရှိချန်ပီယံ ရောဝတီအသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီရထားပြီး ရောဝတီအသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ယင်းအသင်းများနောက်တွင် ရတနာပုံအသင်း၊ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် Young Lionesses အသင်းတို့က သုံးမှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့က တစ်မှတ်စီ၊ မြဝတီနှင့် ရန်ကုန်စီးတီးအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရရှိသေးကြောင်း သိရသည်။

သတင်း-ကိုစံ၊ ဓာတ်ပုံ-MWL



# ဟိုပုံးမြို့နယ်၌ လက်တွေ့မီးငြိမ်းသတ်နည်းနှင့် အသိပညာပေးဟောပြောပွဲဆောင်ရွက်

ဟိုပုံး ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ရက် ၁၀၀ စီမံချက်ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းနှင့် အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၄ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးနိုင်က မီးသတ်ဆေးဘူးများထားရှိရေး၊ ဆေးဘူးများကို စနစ်တကျအသုံးပြုတတ်စေရေး၊ အခြေခံမီးသဘောတရားများ၊ မီးလောင်ခြင်းအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့် ပစ္စည်းများထားရှိရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းအစားများအား ကျောင်းသား၊ ကျောင်းသူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် အရေးပေါ် မီးငြိမ်းသတ်ခြင်းနှင့်ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဓာတ်တိုက်လေ့ကျင့်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ကြို့ပင်ကောက်မြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ကြို့ပင်ကောက် ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အမှတ် (၈၇) သစ်စက်ဝင်းအတွင်း၌ ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်ပျိုးပင်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများထံ ပေးအပ်သည်။

ထို့နောက် မိုးရာသီသစ်ပင်စိုက်ပွဲသို့ တက်ရောက်လာကြသည့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများက ခရေပင် ၁၀၀၊ မဟော်ဂနီပင် ၁၀၀၊ ပိတောက်ပင် ၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ကျွန်းပင် ၅၀၊ ငုရွှေဝါပင် ၅၀၊ စိန်ပန်းပင် ၅၀ စုစုပေါင်း ပျိုးပင် ၅၀၀ အား စိုက်ပျိုးကြသည်။

ထိုသို့စိုက်ပျိုးခြင်းမှာ သစ်တောဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်၊ ရာသီဥတုပြောင်းလဲမှုကို ထိန်းညှိရန်၊ သစ်တောပြုန်းတီးမှု မဖြစ်ပေါ်စေရန်နှင့် ကာကွယ်ထိန်းသိမ်းနိုင်စေရန်၊ ဒေသအပူချိန်လျော့ချနိုင်စေရန်နှင့် ဂေဟစနစ်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက်ရည်ရွယ်၍ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ ထူထောင်စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှသိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

# သရက်မြို့၌ လျှပ်စစ်အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

သရက် ဇွန် ၂၄

မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အဆိုပါ လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများလျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရန်၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် သမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သောဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန် တို့ပါရှိသော လက်ကမ်းစာစောင်အား ကျောင်းသား၊ ကျောင်းသူများနှင့် လမ်းသွားလမ်းလာပြည်သူများအား ဖြန့်ဝေပေးကြောင်း သိရသည်။

ဇော်ထက်(သရက်)

# ကလေးမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကလေး ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်မိုးနှမ်းဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

၂၀၂၆ - ၂၀၂၇ ခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကလေးမြို့နယ်၌ မိုးနှမ်းဧက ၄၇၇၉ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၂၀၉၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ မိုးနှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။လျာထားချက်ဧကပြည့်မီဖို့ စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်” ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ယခုနှစ် ကလေးမြို့နယ်၌ မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၉၀၉)

# ကော့သောင်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး



ကော့သောင်း ဇွန် ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဆယ်မိုင်ကျေးရွာအုပ်စု ကံပိုကြီးနားကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဇွန်လ ၂၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကံပိုကြီးနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူသုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး စုစုပေါင်း စီမံကိန်းအသင်းဝင် ၇၀ ဦးကို အရင်းမပျောက်လည်ပတ်ရန်ငွေကျပ်သိန်း ၇၀၀ အား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း၊ ယင်းစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ အဆင်ပြေစွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထွေး

# မိုးဦးရာသီ ပန်းစံပယ်နှင့် ကျန်းမာရေး

ပေါက်ပေါက်

စံပယ်သည် ချုံပင်အမျိုးအစားတစ်ခုဖြစ်သည်။ စံပယ်တွင် စံပယ်အိုးပုတ် (စံပယ်ကြီး)၊ စံပယ်လေး၊ စံပယ်ယဉ်၊ အိမ်စံပယ်၊ အရိုင်းစံပယ် သို့မဟုတ် တောစံပယ် သို့မဟုတ် ခင်ပုပ်ပင်၊ စံပယ်အိ၊ စံပယ်နွဲ့၊ စံပယ်ကြက်ရုန်းဟူ၍ အမျိုးမျိုးရှိသည်။ စံပယ်သည် Lamiales မျိုးစိတ်တွင်ပါဝင်ပြီး Oleaceae မျိုးရင်းဝင်ဖြစ်သည်။

စံပယ်ကို ဆောင်းရာသီကတည်းက ရေလောင်းပေးပြီး ဂရုတစိုက်ပြုစုလျှင် နွေရာသီတွင် ပွင့်တတ်ကြောင်းကို စံပယ်ရေလောင်း တပေါင်းပန်းပန်ဟု ဆိုကြသည်။ ရေလောင်းသည်ဖြစ်စေ၊ မလောင်းသည်ဖြစ်စေ မိုးဦးကျ၍ မိုးစက်တစ်ပေါက်နှစ်ပေါက်ကျသည်နှင့် တစ်ပြိုင်နက် ရွက်ညှာအစိမ်းရောင်ပေါ်တွင် အဖြူရောင်စံပယ်ပန်းလေးများ၏ရနံ့လေးက လူသားတို့အား သိဂ်ါရရသဖြစ်စေကာ ရှုရှိုက်မိသူအားလုံးကို နှလုံးစိတ်ဝမ်းအေးချမ်းစေသည်။ ရွက်စိမ်းလေးများပေါ်တွင် ပန်းပွင့်ဖြူဖြူလေးကလည်း မြင်ရသူ၏စိတ်ကို တစ်မျိုးတစ်ဖုံကြည်နူးဆွတ်ပျံ့မှုပေးစွမ်းနိုင်သည်။

ရေးက နယုန်မိုးသေးများနှင့်အတူ စံပယ်ပန်းဖြူဖြူလေးများ တစ်မိုးတွင်းလုံး လှိုင်လှိုင်ပွင့်တတ်သည်။ သို့သော် ယနေ့ခေတ်တွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအသုံးပြုလာသဖြင့် စံပယ်ပန်းလေးများမှာ ရာသီမရွေး လှိုင်လှိုင်ပွင့်နိုင်ပြီဖြစ်သည်။ စံပယ်ပင်သည် နွယ်ယောင်ပင်ယောင်အပင်မျိုးဖြစ်သည်။ ချုံပင်သဏ္ဌာန်ရှိပြီး တစ်ကြိမ်စိုက်ပျိုးထားရုံဖြင့် နှစ်ရှည်ရှင်သန်သောအပင်မျိုးဖြစ်သည်။ အလင်းရောင်ကိုနှစ်သက်ပြီး လောင်းရိပ်ကျသောနေရာ၌ ရှင်သန်ရန်ခဲယဉ်းသည်။ အရွက်မှာ ဝိုင်းစက်ယောင်ယောင်ရှိပြီး နူးညံ့ပျော့ပျောင်းသည်။ စံပယ်သည် တစ်ချိုစိုက်ထားလျှင် ပတ်ဝန်းကျင်တစ်ခုလုံး မွှေးနေတတ်သောပန်းမျိုးဖြစ်သည်။

**စံပယ်ပန်းနှင့်ကျန်းမာရေး**

စံပယ်ပန်းလေးများက လူသားတို့အတွက် ကျန်းမာရေးအာနိသင်များစွာ ပေးစွမ်းနိုင်သည်။

- မြန်မာ့ဆေးကျမ်းအလိုအရ စံပယ်သည် ရေငတ်နာ၊ အိပ်မပျော်နာ၊ စကားပြောမမှန်သောအနာ၊ ထိတ်လန့်ကြောက်ရွံ့တတ်သောအနာ၊ ကိုယ်ပူပြင်းသောအနာ၊ သွေးအားနည်းသောအနာ၊ ဝမ်းသွားသောအနာ၊ သွေးလွန်သောအနာတို့ကို ပျောက်ကင်းစေ၏ဟု ဖွင့်ဆိုထားသည်။
- မျက်စိနာနှင့် မျက်စိအပြင်တိမ်စွဲခြင်းအတွက် သန့်ရှင်းသောစံပယ်ပန်းရည်ဖြင့် မျက်စဉ်းခတ်နိုင်သည်။
- အိပ်မပျော်ခြင်း၊ စကားထစ်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းများအတွက် စံပယ်ပင်၏အမြစ်ကိုသွေး၍ သကြားထည့်သောက်ပါ။
- အရိုင်းစံပယ် သို့မဟုတ် တောစံပယ် သို့မဟုတ် ခင်ပုပ်ပင်၏အမြစ်ကို နုပ်နုပ်စဉ်းကာ ထန်းလျက်နှင့်ဆတူရော၍ပြုတ်သောက်ပါက သွေးဖျဉ်း၊ လေဖျဉ်း၊ အပုပ်ဖျဉ်းများကိုနိုင်သည်။



- စံပယ်ပန်းစိုများကိုကြိတ်ပြီး စအိုဝတွင် လိမ်းအုံခြင်းဖြင့် စအိုနာဆွေးများနှင့် လိပ်ခေါင်းရောဂါများကို သက်သာပျောက်ကင်းစေသည်။
- နှာခေါင်းသွေးလျှံခြင်းအတွက် စံပယ်ပန်းများကို မကြာခဏရှူပေးနိုင်သည်။
- အရေပြားပေါ်ရှိ ဂဏ်ခြံ၊ တင်းတိပ်၊ ကြက်ဖင်၊ ကြာဆူးများအတွက် စံပယ်ပန်းခြောက်ကို သနပ်ခါးနှင့်ရော၍ သွေးလိမ်းပါ။
- ဓမ္မတာမမှန်၊ ညောင်းညာကိုက်ခဲ၊ အဖြူဆင်းခြင်းနှင့် အမျိုးသားများဆီးရောဂါအမျိုးမျိုးအတွက် စံပယ်ပန်းလက်တစ်ဆုပ်ကို ရေသုံးခွက် တစ်ခွက်တင်ကျို၍ သကြား၊ သံပရာရည်ထည့်သောက်ပါ။
- လည်ချောင်းနာရောဂါအတွက်စံပယ်ပန်းပြုတ်ရည်ထဲကို ဆားခတ်သောက်ပါ။
- နေလှန်းထားသော စံပယ်ရွက်ခြောက်မှုန့်ကို အုန်းဆီနှင့်ရော၍ အနာဟောင်း၊ အနာဆွေးများပေါ်တွင် လိမ်းပေးပါ။ အနာသစ်များကို ဖန်ရည်ဆေးပြီးနောက် ယင်းစံပယ်ရွက်ခြောက်မှုန့်နှင့် အုန်းဆီလိမ်းပေးခြင်းဖြင့် အနာမြန်မြန်ကျက်စေသည်။
- လေထိုး၊ လေအောင့်၊ လေချုပ်၊ ဝမ်းချုပ်၊ အဖောရောင်ရောဂါတို့အတွက် မည်သည့်စံပယ်ပင်အမျိုးအစားကိုဖြစ်စေ အမြစ်ပါမကျန် တစ်ပင်လုံးပြုတ်ပြီး ဆားခါးခတ်၍ နံနက်၊ ည သောက်ပါ။
- အသည်းရောဂါ (အသည်းရောင်အသားဝါ)၊ အသည်းခြောက်ခြင်းကြောင့် အသည်းပျက်စီးခြင်း၊ ဝမ်းလျှော၍ ဗိုက်အောင့်ခြင်းအတွက် စံပယ်ပန်းလတ်လတ်ဆတ်ဆတ်ကို ဝါးစားပြီးနောက် ရေနွေးဖြူသောက်ပါ။

**စံပယ်ပန်းရေနွေးကြမ်း၏ အကျိုးကျေးဇူး**

စံပယ်ပန်းကို ရေနွေးကြမ်းအဖြစ်သောက်သုံးခြင်းက အရသာရှိစေသည့်အပြင် ကျန်းမာရေးအတွက်လည်း လွန်စွာအထောက်အကူပြုနိုင်သည်။

- အထူးသဖြင့် တရုတ်ရိုးရာဆေးနည်းတွင် ကျောက်ကပ်အားကောင်းကာ ဆီးရွှင်စေရန်၊ နှလုံးအားကောင်းစေရန်နှင့် ဦးနှောက်ကြည်လင်စေရန် ရေနွေးတွင် စံပယ်ပန်းခြောက်ခတ်၍ သောက်သုံးလေ့ရှိကြသည်။
- စံပယ်ပန်းရေနွေးကြမ်းကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ကိုယ်အလေးချိန်ကျစေရန် အသုံးပြုခဲ့ကြသည်။ ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသဖြင့် စံပယ်ပန်းရေနွေးကြမ်းက ခန္ဓာကိုယ်တွင်းဇီဝဖြစ်စဉ်ကို တိုးတက်စေနိုင်သည်။
- သုတေသနလုပ်ဆောင်ချက်များအရ နေ့စဉ် စံပယ်ပန်းရေနွေးကြမ်းသောက်သုံးပေးခြင်းက ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာဖြစ်နိုင်ခြေကို ကျဆင်းစေနိုင်သည့်အပြင် တခြားသော နာတာရှည်ရောဂါများကိုလည်း ကာကွယ်ပေးနိုင်သည်။
- စံပယ်ပန်းရေနွေးကြမ်း သောက်သုံးပါက အမျိုးအစား -၂ ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် ဆီးချိုရောဂါ ကြိုတင်ကာကွယ်ရန်၊ ဆီးချိုသွေးချိုပမာဏ ထိန်းညှိရန်နှင့် ရောဂါကုသရန်အတွက် စံပယ်ပန်းရေနွေးကြမ်းတစ်ခွက် နေ့စဉ် သောက်ပေးသင့်သည်။
- စံပယ်ပန်းရနံ့က စိတ်ကိုကြည်လင်လန်းဆန်းစေကာ တစ်နေ့တာလုံး ပေ့ါပါးသွက်လက်စေသည်။ ထို့ပြင် ခန္ဓာကိုယ်တစ်ခုလုံးရှိ ကြွက်သားများကိုပြေလျော့စေပြီး စိတ်ဖိစီးမှုကို လျော့ပါးသက်သာစေသည်။
- နေ့စဉ် စံပယ်ပန်းရေနွေးကြမ်းသောက်သုံးပေးခြင်းက အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများကို သက်သာစေနိုင်သည်။ ဝမ်းမှန်စေပြီး အစာခြေအင်ဇိုင်းများ ပိုမိုထွက်ရှိလာအောင်လည်း လှုံ့ဆော်ပေးသည်။ ယင်းဖြစ်စဉ်များက အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာကင်ဆာရောဂါများမဖြစ်စေရန် ထိန်းချုပ်ရာရောက်သည်။
- ဓာတ်တိုးဆန့်ကျင်အာနိသင်ကြွယ်ဝသည့် စံပယ်ပန်းရေနွေးကြမ်းက ရောဂါအများစုကို ကာကွယ်ပေးပြီး ကိုယ်ခံအားစနစ် ကောင်းမွန်အောင် အထောက်အကူပြုနိုင်သည်။ ကိုယ်ခံအားနည်း၍ မကြာခဏဖျားနာတတ်သူများအတွက် စံပယ်ပန်းရေနွေးကြမ်းက ဆေးကောင်းတစ်ခွက်ဖြစ်သည်။
- ရောင်ရမ်းမှုကို လျော့ကျစေနိုင်သည့် အာနိသင်ရှိသဖြင့် လေးဖက်နာကြောင့် အရိုးအဆစ်များနာကျင်မှုကို သက်သာစေနိုင်သည်။
- အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဖြစ်တတ်သော အအေးမိ၊ ချောင်းဆိုး၊ လည်ချောင်းနာနှင့် ဗက်တီးရီးယားများကူးစက်မှုကို သက်သာစေနိုင်သည်။
- စံပယ်ပန်းရေနွေးကြမ်းက သွေးတွင်းကိုလက်စထရော ကျဆင်းစေသည်။ လေဖြတ်ခြင်း၊ သွေးခဲပိတ်ဆို့ခြင်းနှင့် ရုတ်တရက် နှလုံးခုန်မမှန်ခြင်းတို့ မဖြစ်အောင်လည်း ကာကွယ်ပေးသည့်အတွက် နှလုံးကျန်းမာစေသည်။ သွေးတိုးကျစေသည်။
- ဝက်ခြံနှင့်အရေပြားပေါ်က ထိခိုက်ဒဏ်ရာ၊ အမာရွတ်များသက်သာစေရန် စံပယ်ပန်းရေနွေးကြမ်းသောက်နိုင်သည်။ ထို့ပြင် စံပယ်ပန်းရေနွေးကြမ်းကို အအေးခံ၍ ဂွမ်းဖြင့်တို့ပြီး ဝက်ခြံပေါ်တွင် လိမ်းပေးပါ။ မျက်နှာပေါ်က အရေးအကြောင်းများအတွက်လည်း အသုံးပြုနိုင်သည်။

စံပယ်ပန်းက လူသားအားလုံးအတွက် ဘေးထွက်ဆိုးကျိုးမရှိသလောက် ဆေးဖက်ဝင်သော်လည်း တချို့တွင် ထူးထူးခြားခြား စံပယ်ပန်းရနံ့ ဓာတ်မတည့်ရောဂါဖြစ်တတ်သည်။ ထို့ကြောင့် နို့တိုက်မိခင်များနှင့် ကိုယ်ဝန်ဆောင်များ စံပယ်ပန်းရေနွေးကြမ်း သောက်သုံးခြင်းကို ဆင်ခြင်သင့်သည်။

အချုပ်အားဖြင့်ဆိုသော် အဆင်းရောအချင်းပါပြည့်စုံသည့်ပန်းပင်ကို ပြပါဆိုလျှင် စံပယ်ကိုသာ လက်ညှိုးထိုးပြရမည်ဖြစ်သည်။ နုနယ်လှပသော စံပယ်ပန်းဖြူလေးများက လူသားတို့၏ကျန်းမာရေးကို များစွာအထောက်အကူပြုနိုင်သကဲ့သို့ စံပယ်မှ စံပယ်ဆီ (ခေါ်) အဆီတစ်မျိုးကို ထုတ်ယူကာ ထိုအဆီကို အလှကုန်ပစ္စည်းများနှင့် အမွှေးအကြိုင်များပြုလုပ်ရာတွင် အသုံးပြုကြသည်။ ထို့ကြောင့် မိုးဦးကာလတွင် ဖောဖောသီသီတွေ့ရသည့် စံပယ်ပန်းများကို ဘုရားပန်းတင်၊ အလှဆင်ပြီး ဆေးဝါးအဖြစ်လည်း အသုံးပြုကြစေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ပင်လောင်းမြို့နယ်၌ မျိုးစေ့ ပျိုးပင် မြေသြဇာနှင့် စိုက်ပျိုးရေးသုံးကိရိယာများပေးအပ်

ပင်လောင်း ဇွန် ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာနှင့် စိုက်ပျိုးရေးသုံးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ဇွန်လ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးစိုးမိုးထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြကွက်များအတွက် မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာနှင့် စိုက်ပျိုးရေးသုံးကိရိယာများပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲမှူးစိုးမိုးထွန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုင်းအေးလှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဇော်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းတို့က ကျေးရွာကိုးရွာမှ စိုက်ပျိုးရေးတောင်သူများအား စပါးမျိုးစေ့ ၁၅၀ ကီလို၊ နေကြာမျိုးစေ့ ၃၀ ကီလို၊ ကော်ဖီပျိုးပင် ၆၈၀၀၊ ယူရီးယားမြေသြဇာ ၂၅ အိတ်၊ ကွန်ပေါင်းမြေသြဇာ ၂၅ အိတ်နှင့် စိုက်ပျိုးရေးသုံးကိရိယာများပေးအပ်ကြကြောင်း သိရသည်။

ချမ်းမြေ့



# မင်းဘူးမြို့၌ ရေပြင်မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်



မင်းဘူး ဇွန် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရေပြင်မီးငြှိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ဇွန်လ ၂၃ ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက်ရှိကမ်းနားလမ်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဝေဟိန်းဦးဆောင်သော ခရိုင်နှင့် မြို့နယ်သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်း အဖွဲ့အစည်းများက ရေပြင်ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြသမှု ဇာတ်တိုက်လေ့ကျင့်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။

ဆက်လက်၍ ရေပြင်မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်သရုပ်ပြသခြင်း အစီအစဉ်အဖြစ် ရေဝတီမြစ်ကမ်းနားတစ်လျှောက်နေထိုင်သော ပြည်သူများအား မိုးတွင်းကာလမြစ်ရေမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုနှင့် ရေဘေးအန္တရာယ်မဖြစ်ပွားစေရေး ဘေးလွတ်ရာသို့ပြောင်းရွှေ့နေထိုင်ရန် Speed Boat ဖြင့် လှည့်လည်နှိုးဆော်ခြင်း၊ Intelligence Lifebuoy များအသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှုသရုပ်ပြသခြင်း၊ သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားသောကြောင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ခြင်းနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးပြီး အဆိုပါအစီအစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် အဖွဲ့များအား မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုငွေများပေးအပ်သည်။

မင်းဘူးခရိုင်မီးသတ်ဦးစီးဌာနအနေဖြင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို တစ်မြို့နယ်လျှင် တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးနှုန်းဖြင့် အရန်သင့်ဖွဲ့စည်းထားရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ကျောက်ပန်းတောင်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကျောက်ပန်းတောင်း ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (အကြို) မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြပွဲကို ဇွန်လ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မူးယစ်ဆေးဝါးအုပ်စုငါးမျိုးနှင့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိရှိလိုက်နာသင့်သည့်အချက်များနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရှင်းလင်းပြသကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာမများတက်ရောက်ကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

ကြို့ပင်ကောက် ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဗောဓိရုက္ခအလယ်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို ဇွန်လ ၂၄ ရက်တွင် ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုး၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုနှင့် အတူပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းများ၊ အဘိတ်ဆေးခတ်ခြင်းနှင့်ခြင်ဆေးမှုတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် အသိပညာပေးခြင်းတို့ကို ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကြို့ပင်ကောက်မြို့၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုအဖြစ် လူနေထူထပ်သောရပ်ကွက်များနှင့် ကျေးရွာများအတွင်း အပတ်စဉ်အသိပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## လူမှုဝန်တာ ကျေပွန်ပါ

❖ ကျိုးကြောင်းတရား၊ ဆိုးကောင်းများကို
အမှား အမှန် ၊ ခွဲခြားရန်တွက်
ဉာဏ်ပညာလင်း ၊ စာဖတ်ခြင်းဖြင့်
ဆောင်နှင်းယူကာ ၊ လူ့ပြည်ရွာကို
သာယာအေးချမ်း ၊ လှစေလွှမ်းဖို့
ကြိုးပမ်းရမှာ လူ့ဝန်တာ။

❖ တီထွင်ကြံဆ ၊ လူ့ဘုံလှရန်
သုတ ဖြာဖြာ ၊ ထိုအရာကို
သင်ကာဆည်းပူး၊ တန်ဖိုးထူးကို
ဆွတ်ခူးသည့်ခါ ၊ ထိုပညာဖြင့်
လူ့ရွာတစ်ဝန်း ၊ တိုးတက်လမ်းကို
ကြိုးပမ်းရမှာ လူ့ဝန်တာ။

❖ လူ့ဘုံငြိမ်းချမ်း ၊ သာစေလွှမ်းပြီး
စမ်းရေပမာ ၊ လန်းဝေဆာဖို့
ပညာ ပြည့်ဝ ၊ နှလုံးလှဖို့
ရသ စာပေ ၊ ဖတ်ရှုစေ၍
ရေရှည်မြော်တွေး ၊ မေတ္တာထွေးလို့
ယဉ်ကျေးရမှာ လူ့ဝန်တာ။

❖ ဩော် ....
လူတို့ ပြည်ရွာ ၊ လူ့ဝန်တာကို
ပညာအခြေပြု ၊ စွမ်းဆောင်မှုနှင့်
သုတ ရသ ၊ ထို နှစ်ဝဖြင့်
လောက တစ်ခွင် ၊ အလှဆင်က
ယဉ်ကျေး ကမ္ဘာ ၊ ငြိမ်းချမ်းလာ၍
ပြည်ရွာ ဖွံ့ဖြိုး၊ ပြည်ကောင်းကျိုးတို့
တိုးတက်လာကာ ၊ လူ့ကမ္ဘာလည်း
သာယာအေးချမ်း ၊ လောကပန်းသို့
လန်းဆန်းဖူးပွင့် ၊ လှဂုဏ်တင့်၍
မြင့်မားကမ္ဘာ ၊ ဆင့်ပွားလာကာ
ဝန်တာကျေပွန် ၊ လူတံခွန်သို့
မွန်မြတ်စိတ်ထား၊ ကျင့်ကြံပွား၍
ကြိုးစားကြစေသတည်း။
ရိုးသားကြစေသတည်း။ ။

**အောင်နိုင်သူ(ဖွဲ့ကပင်)**

# သက်ရှည်ကျန်းမာနေထိုင်ဖို့ ဆီစားသုံးမှုလျှော့ချစို့

ပီပီအိုင်ဘီ

ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ မီးဖိုချောင်ထဲတွင် ဆန်နှင့်ဆီသည် အဓိကကျသော စားသောက်ကုန်ပစ္စည်းများဖြစ်သည်။ ဆန်မှာ ပထမဖြစ်ပြီး ဆီမှာ ဒုတိယနေရာတွင်ရှိသည်။ ဆန်ကို ထမင်းအဖြစ်သာ ချက်ပြုတ်စားသုံးကြသော်လည်း ကျွန်တော်တို့၏ နေ့စဉ်လူမှုဘဝ စားသောက်မှုပုံစံတွင် နံနက်စာ၊ နေ့လယ်စာ၊ ညစာအပြင် အခြားသရေစာအမျိုးမျိုးကို စားသုံးကြရာ၌ စားသုံးဆီတစ်မျိုးမျိုးအား ထည့်သွင်းစားသုံးနေကြလျက်ရှိသည်ကို တွေ့ရှိနိုင်သည်။ ဆီကို ဟင်းလျာများ ချက်ပြုတ်ခြင်း၊ ကြော်လှော်ခြင်း၊ အသုပ်အမျိုးမျိုးနှင့် ငါးခြောက်ဖုတ်တို့ကဲ့သို့သော အစားအစာများတွင် ဆီစိမ်ခြင်း၊ ဆီဆမ်းခြင်းနှင့် ဆီကျက်ချက်၍ထည့်ခြင်းစသည်ဖြင့် ပြုလုပ်စားသုံးကြသည်ကို တွေ့ရှိနိုင်သည်။ ထိုသို့ ဆီကိုအစားအစာမျိုးစုံပြုလုပ်စားသုံးနေကြလျက်ရှိရာ ဆီ၏ သဘောသဘာဝများကို သေချာစွာမသိဘဲ အတိုင်းအဆမရှိ စားသုံးနေကြသည်ကိုလည်း တွေ့ရှိနေရသည်။

**ဆီမပါဟင်းမဖြစ် ဆီရွှဲ ဖွဲတောင်ဟင်းဖြစ်သည်** ဆိုသကဲ့သို့ပင် နေ့စဉ်နေ့တိုင်း ဆီကိုပမာဏတစ်ခုအထိ စားသုံးလျက်ရှိကြရာ **တန်ဆေးလွန်ဘေး** ဆိုသည့်အတိုင်း ဆီကိုချင့်ချိန်စားသုံးခြင်းဖြင့် ကျွန်တော်တို့၏ ကျန်းမာရေးကို အကျိုးပြုမည်ဖြစ်သည်။ ကျွန်တော်တို့ နေ့စဉ်စားသုံးနေသော ဆီများကို ခွဲခြားကြည့်ပါက အခြေခံအားဖြင့် (၁) ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးနိုင်သည့် မပြည့်ဝဆီများ (Unsaturated fats)၊ (၂) တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Saturated fats)နှင့် (၃) လုံးဝမစားသုံးသင့်သော အသွင်ပြောင်းဆီများ (Trans fats) ဟူ၍ သုံးမျိုးရှိသည်ကို တွေ့ရှိနိုင်သည်။

**ကျွန်တော်တို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများ များစွာရှိပြီးဖြစ်ရာ အဆိုပါစိုက်ပျိုးမြေများကို အပြည့်အဝအသုံးချစိုက်ပျိုးခြင်း၊ စိုက်ဧကအားလုံးတွင် သီးထပ်သီးညှပ်စိုက်ပျိုးခြင်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထွက်နှုန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သင့်သည်။ ထို့ပြင် နေ့စဉ်လူတစ်ဦးချင်း၏ ဆီစားသုံးမှုပမာဏမြင့်မားလျက်ရှိရာ ကျန်းမာရေးနှင့်ညီညွတ်မှုတစေရန်အတွက် အဆိုပါဆီစားသုံးမှုကို လျှော့ချရန်လိုအပ်. . .**

ပိတ်ရောဂါနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်သည့်အပြင် သွေးတွင်းဆီ (Triglycerides)များကို ပိုမို၍ တက်စေခြင်း၊ ကောင်းမွန်သော သွေးတွင်းအဆီဓာတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများကိုပါ ဖြစ်ပေါ်စေနိုင်ကြောင်း သိရှိရသည်။

သို့သော် ကျွန်တော်တို့အနေဖြင့် **ဆီမပါဟင်းမဖြစ်** ဟူသည့်အတိုင်းပင် ဆီစားသုံးမှုဓလေ့မှာ ထွန်းကားနေဆဲဖြစ်သည်။ နေ့စဉ်အစားအစာများ ကြော်လှော်ချက်ပြုတ်ပြင်ဆင်ရာတွင် ဆီသည်မရှိမဖြစ် ပါဝင်နေဆဲဖြစ်သည်။ လက်ဖက်သုပ်စားလျှင်ပင်ဖြစ်စေ၊ ငါးခြောက်ဖုတ်လျှင်ပင်ဖြစ်စေ ဆီရွှဲရွှဲဆမ်း၍ စားကြဆဲဖြစ်သည်။ ဆီကို ထိုကဲ့သို့ စားသုံးကြရာတွင်

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ အစရှိသည့် (Vegetable Oil)တို့သည် မပြည့်ဝဆီများတွင်ပါဝင်ပြီး အသင့်အတင့်စားသုံးပါက မိမိတို့ခန္ဓာကိုယ်အတွက် အကျိုးပြုသည်ကို တွေ့ရှိရသည်။ မပြည့်ဝဆီများကိုသင့်တင့်စွာ စားသုံးခြင်းဖြင့် ကျန်းမာရေးအရ ကောင်းမွန်သော သွေးတွင်းအဆီဓာတ် (HDL)တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓာတ် (LDL)တို့ကို လျှော့ချပေးနိုင်သဖြင့် နှလုံးရောဂါနှင့် ဆီးချိုရောဂါ စသောမကူးစက်နိုင်သည့် ရောဂါများဖြစ်ပွားနိုင်ခြေကို လျော့နည်းစေနိုင်ကြောင်း ပညာရှင်များကသုတေသနပြုဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။

စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ စသည်တို့သည် တတ်နိုင်သမျှလျှော့စားသင့်သော ပြည့်ဝဆီများဖြစ်ပြီး ၎င်းကို စားသုံးခြင်းကြောင့် မကောင်းသော သွေးတွင်းအဆီဓာတ်(LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ လေးဖက်နာရောဂါ၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်စေနိုင်ကြောင်း လေ့လာဖော်ထုတ်ထားသည်ကို တွေ့ရှိရသည်။

အသင့်စား အစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့် ဆီများသည် လုံးဝမစားသုံးသင့်သော အသွင်ပြောင်းဆီများဖြစ်သည်။ အသွင်ပြောင်းဆီဆိုသည်မှာ အစားအသောက်များကို ပိုမိုတာရှည်ခံ၍ အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ် ထည့်ပေါင်းထားသောဆီဖြစ်သည်။ အသွင်ပြောင်းဆီကို စားသုံးခြင်းကြောင့် မကောင်းသော သွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာ မြင့်တက်စေပြီး အဝလွန်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ လေးဖက်နာရောဂါ၊ နှလုံးသွေးကြော

နေကြာဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီများကို လူအများစု စားသုံးနေကြသည့်အတွက် စားသုံးဆီများကို ကျန်းမာရေးအရ သင့်တင့်စွာသာ စားသုံးသင့်သည်။ ပြည့်ဝဆီအုပ်စုတွင် ပါဝင်သည့် စားအုန်းဆီ၊ ပြန်ကြော်ဆီများဖြင့် ကြော်လှော်သည့် အာလူးကြော်၊ စမူဆာ၊ ပဲကပ်ကြော်စသည်တို့အား လွန်ကဲစွာစားသုံးမှုကိုဆင်ခြင်သင့်သည်။

ကျွန်တော်တို့၏ လူ့ခန္ဓာကိုယ်တွင် စွမ်းအင်အတွက် ဆီ၊ အဆီဓာတ်လိုအပ်သည်။ သို့ရာတွင် အဆီမှရသော ကယ်လိုရီသည် ၁၀ ရာခိုင်နှုန်းထက် မပိုသင့်ဟု အာဟာရပညာရှင်တို့က ဆိုထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ သာမန်အားဖြင့် လူတစ်ဦးချင်း၏ ကျန်းမာရေးနှင့်ညီညွတ်စေရန် တွက်ချက်လျှင် တစ်ရက် စားသုံးဆီ ၂ ဒသမ ၂၅ ကျပ်သားခန့်သာ စားသုံးသင့်ကြောင်းတွေ့ရှိရသည်။ ထိုနှုန်းနှင့် တစ်နိုင်ငံလုံးအတွက် ဆီလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်ရာတွင် နိုင်ငံအတွင်း စားသုံးဆီထုတ်လုပ်နိုင်မှုနှင့် နှိုင်းယှဉ်ကြည့်ပါက လုံလောက်မှုမရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် စားသုံးဆီထုတ်လုပ်မှု တိုးတက်စေရေး တွန်းအားပေးဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရသည်။ ကျွန်တော်တို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် မြေသယံဇာတများ များစွာရှိပြီးဖြစ်ရာ အဆိုပါစိုက်ပျိုးမြေများကို အပြည့်အဝအသုံးချစိုက်ပျိုးခြင်း၊ စိုက်ဧကအားလုံးတွင် သီးထပ်သီးညှပ် စိုက်ပျိုးခြင်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထွက်နှုန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်သင့်သည်။ ထို့ပြင် နေ့စဉ်လူတစ်ဦးချင်း၏ ဆီစားသုံးမှုပမာဏမြင့်မားလျက်ရှိရာ ကျန်းမာရေးနှင့်ညီညွတ်မှုတစေရန်အတွက် အဆိုပါဆီစားသုံးမှုကို လျှော့ချရန်လိုအပ်သည်။

**စည်းစိမ်ဖြိုး စားဖိုချောင်က** ဟူသည့် လူကြီးသူမများ၏ ဆိုဆုံးမစကားရှိသည်။ **ဆီစား၍ အသားမဖြစ်**ဟူ၍လည်း ဆီစားသုံးမှုကိုသတိပေးထားခဲ့ကြသည်။ နေ့စဉ်မိသားစုတစ်စုတွင် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး အစရှိသော စားသုံးကုန်ပစ္စည်းများ လိုအပ်နေသကဲ့သို့ အိုးနှင့်ဆန်တန်ရုံချက်ရမည်ကို မိသားစုအတွင်း သတိပြုဆင်ခြင် ဆောင်ရွက်ရမည်ဖြစ်သည်။ ပေါပေါများများချက်ပြုတ်၍ ပိုပိုလျှံလျှံသွန်ပစ်ရသည့် အခြေအနေကိုရှောင်ရှားရမည်ဖြစ်သည်။ **ချွေတာစုဆောင်းသူဌေးလောင်း** ဟူသည့်ဘွဲ့ခံနိုင်ရေး စားဖိုချောင်စီမံခန့်ခွဲမှုကို ကနဦး ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့ဟင်းလျာများထဲမှာသာမက တိုင်းရင်းသားတို့၏ ဟင်းလျာများ၊ မြန်မာတို့ခံတွင်းတွေ့သည့် တရုတ်စာ၊ ထိုင်းစာများတွင်ပါ ဆီနည်းနည်းနှင့် အရသာရှိရှိ ချက်ပြုတ်စားသောက်နိုင်သည့် ဟင်းအမယ်ပေါင်းမြောက်မြားစွာရှိသည်။ ကျန်းမာရေးနှင့်လည်း ညီညွတ်၊ အရသာလည်းရှိသည့် ဟင်းလျာများ ချက်ပြုတ်စားသောက်ကြစေလိုသည်။

ဆီကို ပိုမိုစားသုံးခြင်းသည် အချိန်အတိုင်းအတာအားဖြင့် တစ်ခဏတွင်း မသိနိုင်သော်လည်း ရေရှည်စားသုံးမိပါက နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုး၊ ဆီးချို၊ အသည်းအဆီဖုံးခြင်းကဲ့သို့ ရောဂါဝေဒနာများရရှိနိုင်သည်။ သို့ဖြစ်၍ ဆီစားသုံးမှုကို တတ်နိုင်သမျှလျှော့ချရန်နှင့် ဆီစားသုံးမှုပုံစံကို ပြောင်းလဲကျင့်သုံးရန် လိုအပ်သည်။ ခြိုးခြံချွေတာရာတွင် ရှိသည့် အဝတ်အစားနှင့်လှအောင်၊ လုံခြုံအောင်ဝတ်ဆင်နိုင်သည်။ နေ့စဉ်အာဟာရ လိုအပ်ချက်ကိုဖြည့်စွမ်းနိုင်သည့် စားရေးကိစ္စကိုမူ လိုအပ်သည်ထက် ခြိုးခြံချွေတာ၍ မရနိုင်ပေ။ အချို့သောအိမ်ရှင်မများက ဆီကိုချွေတာစွာသုံးစွဲကြပြီး ငါးကြော်၊ အာလူးကြော်ရာတွင် များများထည့်ကာ ကြော်ထားသော ဆီများကို တစ်ကျော့ပြန်အသုံးပြု၍ ပြန်ကြော်ဆီအဖြစ် ထပ်မံအသုံးပြုကြသည်မှာ အန္တရာယ်အလွန်များသောကိစ္စရပ်ဖြစ်သည့်အတွက် ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် အခြေခံစားသောက်ကုန်အများစုကို ထုတ်လုပ်နိုင်စွမ်းရှိသည်။ ဆီထွက်သီးနှံအုပ်စုဝင်များဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်သီးနှံများကိုလည်း နေရာဒေသအလိုက် စိုက်ပျိုးထုတ်လုပ်လျက်ရှိကြသည်။ ဆီအုန်းသီးနှံကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး နိုင်ငံတော်မှ ရည်သန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်လစားသုံးဆီလိုအပ်မှုမှာ တန်ချိန် ၈ သောင်းကျော်ဖြစ်ပြီး ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ပမာဏမှာ တန်ချိန် ၃ သောင်းခန့်သာရှိသဖြင့် လိုအပ်နေသည့် စားသုံးဆီတန်ချိန် ၅ သောင်းခန့်ကို ပြည်ပမှလစဉ်ဝယ်ယူ တင်သွင်းနေရလျက်ရှိသည်။ တစ်ဖက်တွင်လည်း မိသားစုကျန်းမာရေး၊ ငွေကြေးသုံးစွဲမှုပမာဏလျှော့ချရေးအတွက် ဆီကိုချင့်ချိန်သုံးစွဲသင့်ပေသည်။

"ဆီစားလို့ အသားမဖြစ်၊ ဆီစားများလျှင် ဘေးဖြစ်တတ်သည်၊ ဆီကိုရှောင် အိုတောင်နုပျိုဆဲ" ဟူသော ကျန်းမာရေး ဆောင်ပုဒ်တို့ကို အစဉ်သတိချပ်ကြရန် လိုအပ်သည်။ အဆီအနှစ်များနှင့် ဆီကြော်အစားအစာများကို မကြာခဏစားသုံးခြင်းသည် အဝလွန်အဆီပိုစေရုံမျှမက ဦးနှောက်ကိုပင် ထိခိုက်စေနိုင်ပြီး ယနေ့ကမ္ဘာ့လူသားများကို ခြိမ်းခြောက်နေသော မကူးစက်တတ်သောရောဂါများဖြစ်ကြသည့် နှလုံး၊ နှလုံးသွေးကြောရောဂါအမျိုးမျိုး၊ သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါများကိုဖြစ်စေနိုင်သည်။ အဆိုပါအစားအစာများစားသုံးခြင်းကို တတ်နိုင်သမျှလျှော့ချခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောလူမှုဘဝကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

**"ဆီစားလို့ အသားမဖြစ်၊ ဆီစားများလျှင် ဘေးဖြစ်တတ်သည်၊ ဆီကိုရှောင် အိုတောင်နုပျိုဆဲ" ဟူသော ကျန်းမာရေးဆောင်ပုဒ်တို့ကို အစဉ်သတိချပ်ကြရန် လိုအပ်သည်။ အဆီအနှစ်များနှင့် ဆီကြော်အစားအစာများကို မကြာခဏစားသုံးခြင်းသည် အဝလွန်အဆီပိုစေရုံမျှမက ဦးနှောက်ကိုပင် ထိခိုက်စေနိုင်ပြီး ယနေ့ကမ္ဘာ့လူသားများကို ခြိမ်းခြောက်နေသော မကူးစက်တတ်သောရောဂါများဖြစ်ကြသည့် နှလုံး၊ နှလုံးသွေးကြောရောဂါအမျိုးမျိုး၊ သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါများကိုဖြစ်စေနိုင်သည်။ အဆိုပါအစားအစာများစားသုံးခြင်းကို တတ်နိုင်သမျှလျှော့ချခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သောလူမှုဘဝကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်. . .**

လူသားတို့၏ ကျန်းမာရေးအတွက်စားသုံးဆီသည် သန့်ရှင်းမှုမရှိပါက အန္တရာယ်ကြီးမားကြောင်း၊ ဆီစားသုံးရာတွင် ပြည့်ဝအဆီ(Saturated Oil)သည် ကျန်းမာရေးအတွက် မသင့်လျော်ကြောင်း၊ အသွင်ပြောင်းအဆီ(Trans Fat)သည် လူကိုအန္တရာယ်ပေးတတ်ကြောင်း၊ ပြည့်ဝဆီမဟုတ်သောအဆီ (Unsaturated Oil)ကို အသင့်အတင့်စားသုံးသင့်ကြောင်း ဓာတ်ခွဲပညာရှင်များက ဆိုထားသည်။ မည်သို့ပင်ဆိုစေ ဆီစားသုံးမှုများပြားပါက ကျန်းမာရေးကိုထိခိုက်နိုင်ပြီး အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများရရှိနိုင်ကြောင်းကို ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတိုင်းသိရှိကြပြီး ဆီစားသုံးမှုကို ဆင်ခြင်လျှော့ချလာကြရန် အထူးလိုအပ်သည်။ စားသုံးဆီ (Edible Oil)ကို တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း ချင့်ချိန်စားသုံးကြရန်အတွက် **သက်ရှည်ကျန်းမာနေထိုင်ဖို့ ဆီစားသုံးမှုလျှော့ချစို့** ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# "ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင်ခေတ်ဆီသို့" စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်

နေပြည်တော် ဇွန် ၂၄

"ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင်ခေတ်ဆီသို့" စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက မြန်မာ့အေအိုင်ခေတ်ဆီသို့ လျှောက်လှမ်းရန်အတွက် ပထမဆုံးအနေနှင့် "AI Localization"ဟုခေါ်သည့် AI ကိုမြန်မာမှုပြုရန်လိုပါကြောင်း၊ Developer များ၊ ကုမ္ပဏီများသာမက အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ ကျောင်းသားများမှစ၍ နေ့စဉ်ဘဝတွင် AI နည်းပညာကို လက်လှမ်းမီစွာ၊ အကျိုးရှိစွာအသုံးချတတ်လာအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ Digital Literacy၊ Digital Maturity နှင့် AI Literacy၊ AI Maturity ဖွံ့ဖြိုးလာစေရန် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ၊ နည်းပညာရှင်များ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မြန်မာ့ AI ခေတ်သည် ရွှေရောင်လွှမ်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။





ထို့နောက် "ဒီဂျစ်တယ်အခြေပြု မြန်မာ့အေအိုင်ခေတ်ဆီသို့"ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါက်တာတင်ဖုန်းကျော်က ဆောင်ရွက်၍ ဦးအောင်နိုင်ဦး၊ ဒေါက်တာဆန်းဆုဆုရည်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ဒေါ်ခင်အေးဝင်း၊ ဒေါက်တာဇော်လင်းတို့က ပါဝင်ဆွေးနွေးခြင်း၊ တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အချက်အလက်များအား မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ပြီး ဆွေးနွေးသည့်အချက်များအပေါ်တွင် ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တစ်ဦးချင်းတွေ့ဆုံကာ လူတွေ့မေးမြန်းအကဲဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်





နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လျှောက်ထားသူများနှင့်ပတ်သက်၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဝန်ကြီးဌာနများမှ ဗဟိုကော်မတီဝင်များနှင့်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ လူတွေ့မေးမြန်းအကဲဖြတ်ခံကြမည့် နိုင်ငံခြားသားများတက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လူတွေ့မေးမြန်းအကဲဖြတ်ခြင်း မဆောင်ရွက်မီ ဗဟိုကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဗဟိုကော်မတီအတွင်းရေးမှူးကိုယ်စား လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအား လူတွေ့မေးမြန်းအကဲဖြတ်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ဗဟိုကော်မတီဝင်များသည် ဗဟိုကော်မတီမှစိစစ်အတည်ပြုပြီးဖြစ်သည့် ကျွမ်းကျင်ပညာရှင် တစ်ဦး၊ ရင်းနှီးမြှုပ်နှံသူ တစ်ဦး၊ မြန်မာနိုင်ငံသားဟောင်း ၁၅ ဦး၊ ၎င်းတို့နှင့် သွေးချင်းဆက်စပ်သည့် နိုင်ငံခြားသား ခုနစ်ဦး စုစုပေါင်း ၂၄ ဦးကို တစ်ဦးချင်းတွေ့ဆုံကာ အကဲဖြတ်အတည်ပြုခြင်း၊ ပြန်လည်စိစစ်ရန် ဆုံးဖြတ်ခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းသို့ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်အတွက် လူတွေ့မေးမြန်းအကဲဖြတ်ခြင်းလုပ်ငန်းစိစစ်အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြကာ အတည်ပြုခွင့်ပြုသူများအား နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးနိုင်ရေးအတွက် ဌာန၏လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ပုဗ္ဗသီရိမြို့သို့ ရေကူးပေးပို့သည့်ပိုက်လိုင်းအစားထိုး သွယ်တန်းခြင်းလုပ်ငန်းခွင်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ဒုတိယမြို့တော်ဝန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့ သောက်သုံးရေပေးဝေရေးအတွက် ချောင်းမကြီးဆည်မှ ပုဗ္ဗသီရိမြို့သို့ ရေကူးပေးပို့သည့်ပိုက်လိုင်းကို OD-450mm HDPE ပိုက်ပေ ၉၀၀၀ အစားထိုးသွယ်တန်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချောင်းမငယ်ဆည်မှရေကို ဆင်အုံကန်မှတစ်ဆင့် တစ်ရက်ရေဂါလန်ခြောက်သန်းရယူ၍ သန့်စင်ဖြန့်ဝေပေးမည့် ဓနသိဒ္ဓိရေစက်ရုံတွင် လုပ်ငန်းလည်ပတ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



# သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၄

သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍဟန်ချက်ညီရန် အရေးကြီးကြောင်း၊ ထို့အတူ ပုဂ္ဂလိကအခန်းကဏ္ဍပိုမိုအားကောင်းလာရန် လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားပေးကူညီခြင်း၊ ခေတ်စနစ်နှင့်အညီ လုပ်ထုံးလုပ်နည်းများဖြေလျှော့ခြင်းတို့ကိုဆောင်ရွက်ပေးခဲ့ကြောင်း ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများ၏ဆွေးနွေးတင်ပြမှုများအပေါ် လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ထို့နောက် အလုံမြို့မ အမြဲတမ်းပျိုးဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



## မိုးဆက်လက် ပိုနေမည်

နေပြည်တော် ဇွန် ၂၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဒိုင်းဆုရရှိသော ဥတ္တရသီရိတပ်နယ်အသင်းအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ပစ်ခတ်စဉ်များတွင် အသင်းလိုက်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ဒိုင်းဆုရရှိသော ဥတ္တရသီရိတပ်နယ်အသင်းအား တိုင်းမှူးက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါတိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန်လ ၁၅ ရက်နေ့မှ ယနေ့ထိပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် စက်သေနတ်ပစ်ခတ်စဉ်၊ ရိုင်ဖယ်ပစ်ခတ်စဉ်၊ ကာဘိုင်ပစ်ခတ်စဉ်နှင့် ပစ္စတိုပစ်ခတ်စဉ်တို့ပါဝင်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားရုံ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၆ သင်း၊ အမျိုးသမီးအသင်း ၆ သင်းဖြင့် ဇူလိုင်လ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း (အမျိုးသား / အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်စဉ်။

**နေပြည်တော် ဇွန် ၂၄**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း(အမျိုးသား/အမျိုးသမီး) ၁၁ သင်းဖြင့် ဇူလိုင်လ ၃ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)





World drug problem: persisting issues, new challenges, innovative responses

စိန်ခေါ်မှု(အသစ်တွေ)ကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။





# အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၄**

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိအားကစားရုံ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

## ၂၄-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

⇨ ကျောဖုံးမှအဆက်

ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒိုင်လူကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဖွင့်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း မင်္ဂလာတောင်ညွန့်မှ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ် (အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲ ပွဲစဉ်များအဖြစ် မီတာ ၄၀၀ နှင့် မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲများ၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲများ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲများနှင့် လိပ်ပြာကူးပြိုင်ပွဲများ၊ မီတာ ၂၀၀ လေးမျိုးကူးပြိုင်ပွဲများ၊ မီတာ (၅၀ x ၄) လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ်သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၆)ရက်(သောကြာနေ့)ညတွင် ရေဒီယိုခေတ်ပြားရတေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ မြန်မာ့အသံဓာတ်ပြားရအဆိုတော်ကြီးများနှင့် နာမည်ရအဆိုတော်များစုပေါင်း၍ **“ပိုးစုန်းကြူးလေး”** လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၂၆–၆–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “ပိုးစုန်းကြူးလေး” လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | လူကလေးရဲ့ချော့စရာ | ပြင်ပအဆိုရှင် |
| ၂။ | မန္တလေးမြို့ကနာရီစင် | ပြင်ပအဆိုရှင် |
| ၃။ | အချစ်စာမျက်နှာအမှတ်မှာ(၁) | ပြင်ပအဆိုရှင် |
| ၄။ | ပိုးစုန်းကြူးလေး | ပြင်ပအဆိုရှင် |
| ၅။ | ချစ်လိုက်ရတာတစ်ယောက်ထဲအစ်ကို | ပြင်ပအဆိုရှင် |
| ၆။ | မေပုန်းအိပ်ဖို့အသဲတစ်နေရာ | ပြင်ပအဆိုရှင် |
| ၇။ | ရေခဲပြင်ထဲက သဲလေးတစ်ဆုပ် | ပြင်ပအဆိုရှင် |
| ၈။ | နဲနဲလေးတော့ပြန်တွေးပါ | ပြင်ပအဆိုရှင် |
| ၉။ | ကလောဈေးနေ့ | ပြင်ပအဆိုရှင် |
| ၁၀။ | တို့မေတ္တာလမ်းခွဲ | ပြင်ပအဆိုရှင် |

# (၂၄-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၆.၉ – ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၉,၂၇၆,၁၂၄.၁၉ | ၇,၄၁၄,၆၈၇.၅၀ | ၁၀,၀၉၁,၈၉၅.၅၆ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ | | | | |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက္ကူ၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်းများတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၉၁ သန်းကို ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၂၄

ယနေ့ နံနက် ၁၀ နာရီ ၂၈ မိနစ် ၁၇ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်–အနောက်မြောက်ဘက် ၄၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ရွှေဘိုမြို့၏ အရှေ့ဘက် ၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၂ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၂၄

ယနေ့ ညနေ ၃ နာရီ ၃၁ မိနစ် ၄၁ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ မြောက်–အရှေ့မြောက်ဘက် ၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဥတ္တရသီရိမြို့၏ တောင်–အနောက်တောင်ဘက် ၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၈၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၀ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၄˚c | / | ၃၁˚c |
| မန္တလေး | ၂၆˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၂၅-၆-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၇၈၅ | ၃၉၄၀ | ၃၈၉၀ | ၃၈၀၀ | ၃၉၄၅ | ၃၉၆၀ | ၃၉၉၀ | ၃၈၇၀ | ၃၉၉၀ | ၄၂၆၅ | ၃၈၉၀ | ၄၀၇၅ | ၃၉၈၀ | ၃၉၄၀ | ၃၉၅၀ | ၄၁၈၀ |
| 95 Ron | ၃၈၃၀ | ၃၉၈၅ | ၃၉၄၀ | ၃၈၅၀ | ၃၉၉၀ | ၄၀၀၅ | ၄၀၄၀ | ၃၉၂၀ | ၄၀၄၀ | ၄၃၁၅ | ၃၉၄၀ | ၄၁၂၀ | ၄၀၃၀ | ၃၉၈၅ | ၃၉၉၅ | ၄၂၃၀ |
| HSD (500 ppm) | ၃၉၁၀ | ၄၀၅၅ | ၄၀၁၀ | ၃၉၂၅ | ၄၀၆၀ | ၄၀၇၀ | ၄၁၀၅ | ၃၉၉၀ | - | ၄၃၆၅ | ၄၀၁၀ | ၄၄၃၀ | ၄၀၉၅ | ၄၀၅၅ | ၄၀၆၅ | ၄၂၈၅ |
| HSD (50 ppm) | ၄၇၂၀ | ၄၈၇၅ | ၄၈၂၅ | ၄၇၃၅ | ၄၈၀၀ | ၄၈၉၅ | ၄၉၂၅ | ၄၈၀၅ | ၄၉၂၅ | ၅၂၀၀ | ၄၈၂၅ | ၅၀၁၀ | ၄၉၁၅ | ၄၈၇၅ | ၄၈၈၅ | ၅၁၁၅ |
| HSD (10 ppm) | ၄၇၂၀ | ၄၈၇၅ | ၄၈၂၅ | ၄၇၃၅ | ၄၈၀၀ | ၄၈၉၅ | ၄၉၂၅ | ၄၈၀၅ | | ၅၂၀၀ | ၄၈၂၅ | ၅၀၁၀ | ၄၉၁၅ | ၄၈၇၅ | ၄၈၈၅ | ၅၁၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၅၈၁ | ၃၆၈၆ |
| 95 Ron | ၃၆၂၆ | ၃၇၃၂ |
| HSD (500 ppm) | ၃၇၁၁ | ၃၈၁၅ |
| HSD (50 ppm) | ၄၄၈၆ | ၄၆၀၅ |
| HSD (10 ppm) | ၄၄၈၆ | ၄၆၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စာရေးဆရာ၊ သတင်းစာဆရာကြီး တက္ကသိုလ်မြတ်သူ (၁၉၃၁ - ၂၀၂၆) ကွယ်လွန်

မြန်မာနိုင်ငံ သတင်းစာလောကတွင် လက်ရှိအချိန်၌ သက်တမ်းအရှည်ဆုံး သတင်းစာဆရာကြီးဖြစ်သည့် ဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ)သည် ယနေ့ ညနေပိုင်းတွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်သည်။ ဆရာကြီးကွယ်လွန်သွားသည့်အတွက် မြန်မာနိုင်ငံသတင်းစာလောက၊ စာပေလောကအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုပင်ဖြစ်သည်။

ဆရာကြီးကို ၁၉၃၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် မြင်းခြံမြို့၌ အဖ ဦးကံညွန့်-အမိ ဒေါ်မြဇင်တို့က မွေးဖွားခဲ့သည်။ ၁၉၄၅-၄၆ ခုနှစ်တွင် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သွေးသောက်မဂ္ဂဇင်း၌ ကဗျာများ စတင်ပုံနှိပ်ဖော်ပြခံရသည်။ ၁၉၅၂-၅၃-၅၄ ခုနှစ်များတွင် ကဗျာများကိုသာ ဇောက်ချရေးသားခဲ့ပြီး ရှုမဝ၊သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ စုံထောက်မဂ္ဂဇင်း၊ နဝဒေးမဂ္ဂဇင်း၊ ဖြူနီညိုပြာ၊ ကေသီပန်၊ နတ်သျှင်နောင်စာစောင်များ၌ ကဗျာများ ရေးသားခဲ့သည်။ ၁၉၅၄-၅၅ ခုနှစ်ခန့်မှစ၍ ဆောင်းပါးများ၊ ဝတ္ထုတိုများရေးသားခဲ့သည်။ ၁၉၅၇ ခုနှစ် ဇွန်လ ၇ ရက်မှစတင်၍သတင်းစာလောကသို့ အချိန်ပြည့် ခြေစုံပစ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး ပညာမင်းကြီးရုံးစာရေး၊ အလယ်တန်းပြဆရာ၊ အလွတ်ပညာသင်ကျောင်းဆရာ တာဝန်များ ထမ်းဆောင်ခဲ့သည်။ ထို့နောက် ပြည်တော်စိုး၊ ခေတ်သစ္စာ၊ ပြည်သူ့အိုးဝေ၊ အမျိုးသား၊ ဗိုလ်တထောင်စသည့် ပုဂ္ဂလိကပိုင်သတင်းစာများတွင် သတင်းထောက်မှ အယ်ဒီတာဖြစ်လာခဲ့သည်။ ၁၉၆၄ ခုနှစ် စက်တင်ဘာလမှစ၍ နိုင်ငံပိုင်သတင်းစာများဖြစ်သည့် ကြေးမုံ၊ ဗိုလ်တထောင်၊ မြန်မာ့အလင်း၊ ဟံသာဝတီ သတင်းစာများတွင်သတင်းတာဝန်ခံ အယ်ဒီတာမှ ဒုတိယအယ်ဒီတာချုပ်၊ အယ်ဒီတာချုပ်တာဝန်များ ထမ်းဆောင်ခဲ့သည်။ အစိုးရထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက်တွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ထွက်ရှိခဲ့သော သတင်းစာ(၉)စောင်




တွင် ဆယ်စုနှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည်။

သတင်းအခြေပြု ဆောင်းပါးများ၊ သတင်းစာပညာစာအုပ်များ အဆက်မပြတ်ရေးသားခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အမျိုးသားစာပေ (ကဗျာ)ဆုရရှိခဲ့သည်။ နိုင်ငံပိုင်သတင်းစာများမှ အနားယူပြီးနောက် ၁၉၈၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကုန်အထိ ပြန်ကြားရေးဝန်ကြီးဌာနတွင် အကြံပေးအဖြစ် ၁၄ နှစ် ဆောင်ရွက်ခဲ့သည်။ အမျိုးသားညီလာခံတွင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်အဖြစ် ၁-၉-၁၉၉၃ မှ ၃-၉-၂၀၀၇ အထိတက်ရောက်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မရှင် ၅၄ ဦးတွင်လည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ၄၅ ဦး ကော်မရှင်တွင်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် မျိုးစောင့်ဥပဒေရေးဆွဲရေး ကော်မရှင်တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

စာနယ်ဇင်းမီဒီယာများတွင် ကလောင်နာမည်ခွဲ ၁၉၇ ခုဖြင့် ဆောင်းပါးပုဒ်ရေနှစ်သောင်းခွဲ၊ သတင်းစာ အယ်ဒီတာ့အာဘော်တစ်ထောင်ကျော်၊ ဝတ္ထု ၁၈ အုပ်၊ သုတပညာပေးနှင့်သတင်းအခြေပြုနိုင်ငံရေးစာအုပ် ၇၀ ကျော်၊ နိုင်ငံ့အကျိုးပြုတေးသီချင်း ၁၅ ပုဒ် ရေးသားခဲ့သည်။ ကွယ်လွန်ချိန်မတိုင်မီအထိ စာရေးသားဆဲဖြစ်ပြီး ဟောပြောပွဲ၊ သင်တန်းပို့ချမှုလေးရာကျော်ကို ဟောပြောပို့ချခဲ့သည်။ သတင်းစာလုပ်ငန်း၊ စာပေလုပ်ငန်းများဖြင့် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ဂျာမနီ၊ ပိုလန်၊ ဟန်ဂေရီ၊ ဖင်လန်၊ ဂျပန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူစသည့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် တိုင်းကျိုးပြည်ပြုကလောင်ဆု၊ ၂၀၀၇ ခုနှစ်တွင် လူမှုထူးချွန် (ဒုတိယအဆင့်)၊ ၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့တွင် စည်သူဘွဲ့တံဆိပ်၊ ၂၀၁၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၂၁ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု၊ ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့တို့ကို နိုင်ငံတော်က ချီးမြှင့်ပေးအပ်ခဲ့သည်။ ဆရာကြီး တက္ကသိုလ်မြတ်သူသည် ကွယ်လွန်ချိန်အထိ ဘဝတစ်လျှောက်လုံး သတင်းစာပညာ၊ စာပေပညာတို့ကို ဆုပ်ကိုင်ထားခဲ့ပြီး စာပေလောက၊ သတင်းစာလောကတို့တွင် စေတနာ၊ မေတ္တာ၊ မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် စာပေတာဝန်၊ သတင်းစာတာဝန်တို့ကို အတိုင်းထက်အလွန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည့်အလျောက် ဆရာကြီးကွယ်လွန်ခြင်းအတွက် များစွာ နှမြောတသ ဝမ်းနည်းကြေကွဲဖြစ်ရပါသည်။




# ကမ္ဘာ့ MSME နေ့ (World MSME Day) ကျင်းပမည်

**နေပြည်တော် ဇွန် ၂၄**

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန်လ ၂၇ ရက်ကို “ကမ္ဘာ့ MSME နေ့” အဖြစ် ၂၀၁၇ ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

ယခုနှစ် ဇွန်လ ၂၇ ရက်တွင် ကျရောက်မည့် (၁၀) ကြိမ်မြောက် အခမ်းအနား "The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ)ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုး တိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု (AI)ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် “ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနား”ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင်ရှိနေစေရန်၊

(ခ) လူငယ်များနှင့်လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့်နိုင်ငံတကာဈေးကွက်များအထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့်တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs)အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏အရေးပါပုံကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်လာစေရန်

ဟူသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနားကို ဇွန်လ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများလည်းပါဝင်မည်ဖြစ်ရာ ပြည်သူများ ပါဝင်ဆင်နွှဲနိုင်ကြောင်းသိရသည်။

**မြဝတီ**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

➢ ကျောဖုံးမှအဆက်

၂၀၂၅ ဒီဇင်ဘာလနှင့် ၂၀၂၆ ဇန်နဝါရီလများတွင် ကျင်းပခဲ့သော လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတစ်ဆင့် နိုင်ငံအဝန်းပြည်သူလူထုက မိမိတို့သဘောဆန္ဒအလျောက်ဆန္ဒမဲများပေးကြကာ ပြည်သူလူထုမှရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်အစိုးရသစ်တစ်ရပ်ပေါ်ထွန်းခဲ့ကြောင်း၊ ယခုအခါတွင် အစိုးရသစ်၏ဦးဆောင်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် တပ်မတော်သားများအားလုံးက ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း။

တပ်မတော်သားများသည် သစ္စာ(၄) ချက်ကို နေ့စဉ်ရွတ်ဆိုနေရသည်နှင့်အညီ သစ္စာ(၄)ချက်ပါအချက်များအတိုင်း ကျင့်ကြံနေထိုင်ကြရန် လိုကြောင်း၊ တပ်မတော်သားများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေကြသူများပီပီ မိမိတို့၏လုပ်ငန်းတာဝန်ကို ဂုဏ်ယူကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်အဖိုးတန်သယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်တွင် တာဝန်ရှိကြောင်း၊ ထိုကဲ့သို့ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်သား အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံးအနေဖြင့် မိမိတို့တစ်ဦးချင်း၏စွမ်းရည်များ တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ တစ်ဦးချင်းမှ အဖွဲ့အစည်း၏စွမ်းရည်လည်း တိုးတက်လာမည်ဖြစ်ပြီးပေးအပ်သည့် အမိန့်နှင့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

ထိုသို့ စွမ်းရည်ထက်မြက် မြင့်မားနေစေရေးအတွက် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် ကြိုးစားလေ့လာနေရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်များကို Professional ကျကျလေ့လာ၍ လက်တွေ့အသုံးချနိုင်အောင် အမြဲမပြတ်လေ့ကျင့်ဆောင်ရွက်နေကြရန်လည်းလိုကြောင်း၊ စစ်အသုံးအဆောင်ပစ္စည်းများနှင့်စစ်နည်းဗျူဟာများသည် ခေတ်နှင့်အညီစဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်လျက်ရှိသဖြင့် စစ်အသုံးအဆောင်ပစ္စည်းများနှင့် စစ်လက်နက်၏စွမ်းပကားများကို အမြဲလေ့လာနေရန်လိုပြီးအကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ သို့မှသာ စွမ်းရည်ထက်မြက်ပြီး နိုင်ငံတော်မှအားထားရသည့်၊ ပြည်သူလူထုက အားကိုးယုံကြည်ရသည့် တပ်မတော်ဖြစ်မည်ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခုကို ဦးစီးရသည့်ဦးစီးခေါင်းဆောင်ဖြစ်သူသည် အရေးကြီးကြောင်း၊ တပ်မှူးများအနေဖြင့်လည်း တစ်ဦးချင်းစွမ်းရည်ကောင်းမွန်သည့်အရာရှိ စစ်သည်များကို ကောင်းမွန်မှန်ကန်သည့်ခေါင်းဆောင်မှုဖြင့် လုပ်ဆောင်မှသာ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ထမ်းဆောင်နိုင်သည့်တပ်ဖြစ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မှူးများအနေဖြင့် မှန်ကန်ကောင်းမွန်သည့် ခေါင်းဆောင်မှုပေးရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ထမ်းဆောင်နေရသည့်မိမိတို့တပ်မတော်အင်အားလျော့နည်းစေရန်အတွက် ပြည်ပဩဇာခံ ကိုယ်ကျိုးရှာအဖွဲ့အစည်းများအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်လျက်ရှိသော်လည်း တပ်မတော်သားများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသအသီးသီးတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာ၍ စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုကြောင်း၊ ကိုယ်ကျိုးရှာမသမာသူများအနေဖြင့် နိုင်ငံတော်၏မြေပေါ်မြေအောက် သယံဇာတများကို တရားမဝင်တူးဖော်ရောင်းချရန် ကြိုးစားနေသည့်အချိန်တွင် တပ်မတော်မှထိထိရောက်ရောက်ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းကဲ့သို့ မဟာဗျူဟာမြောက်စီမံကိန်းများနှင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရေး-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်းကြောင်းအား ပြည်သူလူထုမှစိတ်အေးချမ်းသာစွာ သွားလာနေသည်ကို နှောင့်ယှက်ဖျက်ဆီးလာသည့်အကြမ်းဖက်အဖွဲ့အစည်း မှန်သမျှကိုလည်း ထိထိရောက်ရောက် ချေမှုန်းရှင်းလင်းရန်လိုကြောင်း။

ထို့ပြင် တစ်မျိုးသားလုံးကို လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးများကို နည်းလမ်းအမျိုးမျိုး၊ လမ်းကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် ခိုးထုတ်သယ်ယူကာ နယ်စပ်ဒေသများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ရောင်းချနေခြင်းနှင့် တရားမဝင်အွန်လိုင်းလောင်းကစားများ ပြုလုပ်ခြင်းများကိုလည်း တပ်မတော်အနေဖြင့် ထိထိရောက်ရောက်တားဆီးကာကွယ်နှိမ်နင်းလျက်ရှိကြောင်း၊ ပါဝင်ပတ်သက်သူများကိုလည်း ထောက်ထားငဲ့ညှာခြင်းမရှိဘဲ နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များနှင့်ကုန်သွယ်ရောင်းချမှုများသည်နိုင်ငံတော်၏ဘဏ္ဍာများ၊ အခွန်အခများ များစွာထိခိုက်ဆုံးရှုံးနစ်နာစေသည့်အတွက် တပ်မတော်အနေဖြင့် အဆိုပါလုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးကာကွယ်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များအတွက်စားသောက်နေထိုင်မှုများ အဆင်ပြေချောမွေ့စေရန် အစဉ်အမြဲဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တပ်မတော်သား မိသားစုဝင်များအနေဖြင့်လည်း မိမိတို့၏ဝင်ငွေနှင့်ထွက်ငွေ မျှတအောင်သုံးစွဲကြရန်လိုပြီး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့်အစားအသောက်အနေအထိုင်များကို ပြုမူဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရည်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်သားမိသားစုဝင်များအနေဖြင့် မိမိတို့၏သား၊ သမီးများ၏ပညာရည်မြင့်မားရေးကိုအလေးပေး၍ကြိုးစားဆောင်ရွက်အားပေးနေကြရန်လိုကြောင်း၊ မိမိတို့၏သားသမီးများကို မိမိတို့ထက်သာလွန်ကောင်းမွန်သော ပညာတတ်မျိုးဆက်များဖြစ်အောင်တိုက်တွန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

စည်းရုံးရေးနှင့်ပတ်သက်၍ တပ်တွင်း/တပ်ပြင်စည်းရုံးရေးကို ခိုင်မာအောင်ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အတွင်းတာဝန်ထမ်းဆောင်နေကြသည့် အရာရှိ၊ စစ်သည်များအနေဖြင့် လူအမျိုးမျိုး၊ စိတ်အမျိုးမျိုးရှိသည့်အတွက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိရန်အရေးကြီးကြောင်း၊ မိမိတို့သည်စစ်မြေပြင်တွင် အသက်ပေးကာကွယ်စောင့်ရှောက်ကြသူများဖြစ်သည့်အတွက် အထက်အောက်ရှိသေလေးစားစွာနေထိုင်ဆက်ဆံကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်ပိုင်းအနေဖြင့်လည်း မိမိ




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ မြိတ်တပ်နယ်ရှိမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

**✳ မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်အဖိုးတန်သယံဇာတများကို ကာကွယ်စောင့်ရှောက်ရန်မှာ တပ်မတော်တွင်တာဝန်ရှိ . . .**

**✳ ထားဝယ်ရေနက်ဆိပ်ကမ်းကဲ့သို့ မဟာဗျူဟာမြောက်စီမံကိန်းများနှင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရေး-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်းကြောင်းအား ပြည်သူလူထုမှ စိတ်အေးချမ်းသာစွာသွားလာနေသည်ကို နှောင့်ယှက်ဖျက်ဆီးလာသည့် အကြမ်းဖက်အဖွဲ့အစည်းမှန်သမျှကိုလည်း ထိထိရောက်ရောက် ချေမှုန်းရှင်းလင်းရန်လို . . .**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ တက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့်ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ဦးစီးဦးဆောင်ပြုရသည့် အဖွဲ့အစည်းကို အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် ညီညွတ်မှုတစ္စာအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့်မိသားစုဝင်များအနေဖြင့်အချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်၍ ကျရာတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြစေလိုကြောင်း။

အုပ်ချုပ်ရေးပိုင်းအနေဖြင့် တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက်ဒေါက်တိုင် ၃ ရပ်ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာစည်းမျဉ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီထိန်းကျောင်းသွားရန် လိုကြောင်း၊ ပုံမှန်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းမှူးနှင့် တပ်နယ်မှတာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီးက တပ်နယ်အသီးသီးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်အလိုက် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များရန် ယခုကဲ့သို့သင်တန်းတက်ရောက်ရသည့်အတွက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ သင်တန်းကျောင်းမှသင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများနှင့် နည်းပြဆရာများ၏ စေတနာပါပါဖြင့် သင်ကြားပို့ချမှုများကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ သေချာစွာ ဆည်းပူးသင်ယူကြရန်လိုကြောင်း၊ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကိုနှင့် LIBRARY တို့၌ ခင်းကျင်းပြသထားမှုများကိုလည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးခြံများတွင် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ဥစားကြက်မွေးမြူထားရှိမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များမေးမြန်းကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ စစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် မြိတ်မြို့ရှိနယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူး၊ ပါရဂူများ၊ ဆေးမှူးများနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် မြိတ်မြို့၊ နယ်မြေခံ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဥစားဘဲမွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ငွေနှင်းမှိုစိုက်ပျိုးထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ဆောင်ရွက်ရသောလုပ်ငန်းစဉ်ဖြစ်၍ တာဝန်ရှိသူများက စိတ်ဝင်တစားဆောင်ရွက်သွားရန် လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တစ်ဦးချင်း၏တိုက်ပွဲဝင်စိတ်ဓာတ်များကို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်တို့ဖြင့် သင်ယူထားသောစစ်ပညာများကို ကြံရည်ဖန်ရည်ဖြင့် အသုံးချရန်လိုအပ်ပြီး စစ်မြေပြင်တွင် တစ်ဦးချင်း၏တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်ရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် ကျွန်းစုတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းနှင့်နယ်မြေခံရေတပ်စခန်းဌာနချုပ်တို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ကျွန်းစုမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ တက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့်ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် မိမိနိုင်ငံနှင့် မိမိတို့မိသားစုများကို ကာကွယ်စောင့်ရှောက်အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးရှိအောင် ထမ်းဆောင်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းသားအိပ်ဆောင်များ၊ စားရိပ်သာများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့ရှိနယ်မြေခံရေတပ်စခန်းဌာနချုပ်မှ MARINE BIOLOGICAL MUSEUM

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်နှင့်မြိတ်တပ်နယ်ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များတွင်ဆောင်ရွက်ထားရှိသော ဥစားဘဲမွေးမြူရေးနှင့် ဘဲသားဖောက်လုပ်ငန်း၊ DYL ဝက်မွေးမြူရေးခြံ၊ ငွေနှင်းမှိုစိုက်ပျိုးရေးခြံနှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များမေးမြန်းကာ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ယနေ့နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီးဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းတပ်မတော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ တစ်ဦးချင်းရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်နန်းကူးကူးနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice President U Nyo Saw receives delegation led by Indian Ambassador H.E. Mr. Abhay Thakur

NAY PYI TAW June 24

Vice President U Nyo Saw received H.E. Mr. Abhay Thakur, Ambassador of India to Myanmar, and his delegation at the Guest Hall of the President Office this afternoon.

During the meeting, the two sides held cordial discussions on the successful outcomes of the Head of State's recent visit to India, efforts to maintain peace and stability along the Myanmar–India border, the promotion of bilateral trade, opportunities for Indian investment in Myanmar, the effective implementation of projects under the ASEAN–India framework, the strengthening of banking cooperation between the two countries, and the expansion of cooperation across various sectors of mutual interest.

The meeting was also attended by Deputy Minister U Khin Latt at the President Office, Deputy Minister for Foreign Affairs U Ko Ko Kyaw, and other officials. The Indian Ambassador was accompanied by officials from the Embassy of India in Myanmar.

**Myawady**



Vice President U Nyo Saw holds talks with H.E. Mr. Abhay Thakur, Ambassador of India to Myanmar.

# Indian Ambassador to Myanmar pays courtesy call on Pyidaungsu Hluttaw Speaker and Amyotha Hluttaw Speaker U Aung Lin Dway



NAY PYI TAW June 24

Pyidaungsu Hluttaw Speaker and Amyotha Hluttaw Speaker U Aung Lin Dway received the Ambassador of India to Myanmar, H.E. Mr. Abhay Thakur, at the Amyotha Hluttaw Guest Hall of the Parliament Building in Nay Pyi Taw at 2 pm today.

During the meeting, the two sides cordially discussed matters relating to further strengthening the existing friendship, relations, and cooperation between the two countries, sending parliamentary representatives and parliamentary staff to India for capacity-building training programmes, enhancing cooperation in diplomatic and legal affairs between Myanmar and India, expanding cooperation between the parliaments of the two countries, and exchanging legislative experiences.

Also present at the meeting were Amyotha Hluttaw Deputy Speaker Jeng Phang Naw Taung, the Chairman and Secretary of the International Relations Committee, officials from the Amyotha Hluttaw Office, and representatives from the Embassy of India in Myanmar.

**Myawady**

Pyidaungsu Hluttaw Speaker and Amyotha Hluttaw Speaker U Aung Lin Dway receives Indian Ambassador to Myanmar.

# Pyithu Hluttaw Speaker U Khin Yi arrives back in Myanmar

YANGON June 24

The Myanmar parliamentary delegation led by Pyithu Hluttaw Speaker U Khin Yi, departing back from attending the 2nd International Forum of the Union State "Great Heritage Common Future" held in Brest, Belarus, continued to depart by air via Suvarnabhumi Airport in Bangkok, Thailand, at 7.15 pm local time on June 24 and arrived back at Yangon International Airport at 8.15 pm.

At the airport, Yangon Region Hluttaw Speaker U Htay Aung, Deputy Speaker U Kyaw Kyaw Soe, and officials from the Union Solidarity and Development Party welcomed them.

**Myawady**




Pyithu Hluttaw Speaker U Khin Yi on his return from Belarus is welcomed back at Yangon International Airport by officials.

■■ From Page - 21

of State is giving special priority to enhance the education level, they must pay attention to improving the educational standards of their children. They must support their children to become educated generation who reaches the level higher and better than them.

In connection with organization, internal and external organization must be strengthened. As officers and other ranks discharging duties in the Tatmadaw have different personal backgrounds and mental attitudes, it is important to remain united. As we are sacrificing our lives to fight at the battleground, we must live in hierarchical respects. The leadership is required to manage the organizations they lead fairly and equally so that their organizations are always united. Tatmadaw personnel and family members are urged to be united and perform duties assigned to them responsibly.

In connection with administrative affairs, office procedures of the Tatmadaw are regulated by three pillars such as general staff, adjutant and quartermaster affairs for proper functioning. General staff, adjutant and quartermaster affairs must be guided in synchronization by abiding by disciplinary rules, orders and directives. As they are regular tasks, responsible officers are required to carry out them attentively. By handling administrative affairs properly, welfare of families can be effectively supported.

The fighting spirit of individuals must be innovatively applied with military strategies and tactics that have been learnt out of the spirit of facing any danger unyieldingly. It is necessary to enhance the combat capabilities of the organization by combining the combat capabilities of individuals at the battlefield synergistically.




Daw Nan Kuu Ku presents donations for maternal and child welfare association.

After the meeting, the Deputy Commander-in-Chief of Defence Services presented foodstuffs for officers, other ranks and families of the station to the commander and responsible officers from the station. Similarly, the wife of the Deputy Commander-in-Chief of Defence Services presented cash rewards for maternal and child welfare association in respective stations to responsible officials from respective stations.



Daw Nan Kuu Ku presents gifts to a patient.

Then, the Deputy Commander-in-Chief of Defence Services and cordially greeted officers, other ranks and families who attended the meeting.

Similarly, the Deputy Commander-in-Chief of Defence Services and party inspected the station local military training school and the local naval base headquarters in Kyunsu Station.

First, the Deputy Commander-in-Chief of Defence Services delivered a speech to trainees and people's military service trainees attending courses at the military training school, saying it is to be proud of attending the training courses to protect one's country and families. It is necessary to thoroughly study military strategies and tactics taught by the training school and what shared by instructors enthusiastically to be able to use them skillfully and to perform duties by applying military strategies and tactics to the benefit of the State and the Tatmadaw.

Then, the Deputy Commander-in-Chief of Defence Services and party warmly greeted the trainees and inspected barracks and mess halls of people's military service trainees before giving necessary instructions to responsible officers.

Afterward, the Deputy Commander-in-Chief of Defence Services and party inspected the Marine Biological Museum and the Library at the local naval base in Kyunsu, and cultivation of seasonal crops and the breeding of layers chicken in agricultural and livestock breeding farms by car before asking questions about matters of interest and coordinating necessary measures.

Then, the Deputy Commander-in-Chief of Defence Services and party inspected the breeding and incubation of layer ducks, DYL pig breeding farm, Ngwe Hnin Mo agricultural farm and cultivation of seasonal crops by the regional command headquarters and Myeik Station before asking questions about matters of interest and coordinating measures with responsible officials.

Moreover, in the afternoon, the Deputy Commander-in-Chief of Defence Services, accompanied by his wife Daw Nan Kuu Ku, senior military officers from the Office of the Commander-in-Chief and their wives, the commander of Coastal Region Command and responsible officers, arrived at the local defence services hospital in Myeik and were greeted by the commandant of the hospital, physicians, medical officers and responsible officers.

Then, the Deputy Commander-in-Chief of Defence Services and party asked individually about the health backgrounds, medical treatments and recovery of officers and other ranks receiving treatments at the hospital and presented foodstuffs and cash rewards for them.

Similarly, Daw Nan Kuu Ku, the wife of the Deputy Commander-in-Chief of Defence Services, and party visited patients receiving treatments in women's and children's wards and presented foodstuffs for them. **100**

---

►► From Page - 20

them with accelerated momentum by coordinating not only with domestic forces but also with neighbouring country governments.

As security joint teams carried out search, exposure, and investigation operations in the respective areas to ensure that those conducting online scam gambling operations do not establish a base to reside and do not carry out online scam gambling operations, four illegal Chinese men committing online scam gambling operations were arrested along with 34 assorted phones, eight All In One computers, and one inverter from inside a house in Ho Mon Ward, Muse Town, Northern Shan State, today at around 5:45 pm.

It is reported that once the necessary investigations on the arrested individuals conducting those online scam gambling operations are completed, effective and severe action will be taken against them in accordance with existing laws, and the seized operational equipment will be further processed in accordance with procedures. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Military columns intensify area security operations to regain control and reopen Kalewa-Yagyi-Monywa route temporarily dominated by terrorist insurgents

NAY PYI TAW June 24

The Tatmadaw is effectively implementing the directives of the Government to consistently strive for nationwide stability and peace, as well as the secure development of the socio-economic lives of local residents.

In doing so, military columns made the necessary preparations and split into separate units to carry out area security operations starting from 2 June 2026, aimed at regaining control and reopening the Kalewa-Yagyi-Monywa route, which forms part of the Myanmar-India Friendship Highway and had been temporarily dominated by joint groups of terrorist insurgents. Consequently, they progressively recaptured and secured Yelekyun Village on 2 June, Kyauklongyi Tesu Village on 3 June, Chaungma and Aungmingala Villages on 6 June, Thityapin Junction on 7 June, Thityapin Village on 8 June, Winkone Village on 9 June, Nyaungpinle Village on 11 June, Yagyi Village on 13 June, Kunpinye Village on 15 June, Lapote Village on 18 June, Sitlinchaung Village on 21 June, and Htonegyi Village on 22 June. Yesterday, on 23 June, the columns arrived at Kyaw Village and are continuing security operations around the area in cooperation with local security forces stationed there.



Military columns conducting security operations at the village administration office and its surrounding area in Kyaw Village on the Kalewa-Yagyi-Monywa route.



Military columns conducting security operations at the school and its surrounding area in Kyaw Village on the Kalewa-Yagyi-Monywa route.



Documentary photo of military columns detecting and clearing mines maliciously planted by terrorist insurgents between Lapote and Kyaw villages on the Kalewa-Yagyi-Monywa route.



Documentary photo of military columns detecting and clearing mines maliciously planted by terrorist insurgents between Lapote and Kyaw villages on the Kalewa-Yagyi-Monywa route.

Clashes broke out between the military columns and the joint terrorist insurgent groups during clearance operations along the route. The Tatmadaw seized the bodies of terrorist insurgents, weapons, ammunition, related equipment, and their makeshift bases, while the joint terrorist insurgent forces reportedly retreated in disarray after suffering heavy casualties. Furthermore, to ensure the safe travel of local residents, the military columns conducted mine clearance operations to remove landmines maliciously planted by the terrorists along the route between Lapote and Kyaw Villages.

The so-called PDF terrorist insurgents had temporarily blocked and controlled the route to extort money from cargo trucks and passenger vehicles, commit kidnappings, arrests, and murders, set fire to vehicles, illegally extract timber—which is one of the nation's valuable natural resources—and illicitly transport restricted goods for their personal gain. Additionally, their arbitrary bullying and killing of local residents left the public living in immense fear and without peace or security.

The Kalewa-Yagyi-Monywa route is vital for the flow of goods between Myanmar and India, as well as regional transport. To completely regain control and reopen this highway as quickly as possible so that local citizens can travel and live in peace, the Tatmadaw will accelerate area security operations with the cooperation of local residents. According to reports, counter-terrorism operations will continue to eliminate the terrorist insurgent groups that are disrupting and destroying regional stability and development.

100

# Four illegal Chinese citizens involved in committing online scam gambling operations were arrested along with operational equipment within Muse Town, Northern Shan State

NAY PYI TAW June 24

Taking it as a national duty, the state government is placing emphasis on carrying out the process of combating online scamming and online gambling, which are harming and destroying the social lives of all humanity across the world and entirely endangering public interests, and is continuously and resolutely suppressing and combating

See Page - 19►►





As the building used in committing online scam gambling operations and the room where operations were conducted are seen.

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin holds separate meetings with officers, other ranks and families of Myeik Station and a local battalion in Kyunsu Township

NAY PYI TAW June 24

Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, accompanied by his wife, Daw Nan Kuu Ku, senior military officers from the Office of the Commander-in-Chief and wives, Commander of Coastal Region Command Maj-Gen Kyaw Kyaw Han and officials, held separate meetings with officers, other ranks and families of Myeik Station and a local battalion in Kyunsu Township this morning.





Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin meets officers, other ranks and families.



General Kyaw Swa Lin presents gift to an official.

In his address, the General said all the Tatmadaw members of the Army, Navy, Air Force and the Corps are shouldering their national duties in brotherly spirit. At the time when the Tatmadaw started to assume the duties of the State due to the political situation that erupted in the late 2021, there were attempts to solve the political problem through armed terrorism, instead of political means. Hence, the Tatmadaw has been working together with the Myanmar Police Force and the people who value peace and stability in accord with the law to restore national peace and stability.

A new government was chosen by the people on their own volition at a free and fair multi-party democracy general election held in December 2025 and January 2026. The country is now carrying out national development undertakings with greater momentum under the leadership of the government. All the members of the Tatmadaw are dutifully carrying out their task under the government's leadership.

As soldiers are reciting the Four Oaths daily, they must adhere to them. As they are the persons safeguarding Our Three Main National Causes, they must take pride of their job. The Tatmadaw has the duty to protect sovereignty, and the valuable on land and underground resources and on water and underwater resources. All the officers and other ranks at the relevant levels must try to enhance their capabilities to do the duty well. In this way, team-wise ability can be promoted through progress in individual ability.

Soldiers must make efforts in the relevant subjects and fields to improve their skills. They must undergo constant training to become professionals in the respective subjects. Military equipment and military tactics are changing over time. So, they must constantly study the power of the weapons and military equipment. Only then will the Tatmadaw become highly competent institution in which the nation and the people can put trust.



General Kyaw Swa Lin presents gifts to a patient.

The leader of an organization is important. Only if the commanders are able to lead the officers and other ranks, who have individual talents, will their units be able to accomplish the missions.


Self-seeker groups under alien influence are trying to reduce the strength of Tatmadaw, the main force for national defence, through the application of various means of instigations.In this regard, Tatmadaw members must live in unity, observing the set rules and principles at the places they are assigned to. At the time when unscrupulous self-seekers are trying to illegally extract and sell the country's aboveground and underground resources, the Tatmadaw should effectively protect the resources. They must decisively crush every terrorist group disturbing the strategic projects like the Dawei deep water port and the travellers on Yay-Dawei-Myeik-Bokepyin- Kawthaung Union Highway.

The Tatmadaw has been annihilating the armed terrorist groups that are trafficking narcotic drugs,which are harmful to the entire mankind, to sell the illicit drugs in other countries by applying various means through the border, and operating illegal online gambling business. Everyone who is involved in the said illegal businesses, will be severely punished in accord with the laws adopted by the State. Because of the illicit trade and import business, the country may loss a large amount of tax revenues. So, the Tatmadaw is effectively eliminating the said illicit businesses.

The Tatmadaw is always fulfilling the basic needs of the Tatmadaw families. They must practice frugality and must able to strike a balance between income and expenditure and differentiate between waste and expense. They must follow a healthy lifestyle. As the Head

See Page - 19

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေးဝ-ယာကြီး-မုံရွာ ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု။






ကလေးဝ-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ လာပို့ကျေးရွာနှင့်ကျော်ကျေးရွာ အကြား၌ အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာထောင်ထားသည့် မိုင်းများအား တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

**❒ ကျောဖုံးမှအဆက်**

တစ်ခုအပါအဝင်ဖြစ်သည့် ကလေးဝ-ယာကြီး-မုံရွာလမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲကာ ၂၀၂၆ ခုနှစ် ဇွန်လ ၂ ရက်နေ့မှစတင်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဇွန်လ ၂ ရက်တွင် ရေလယ်ကျွန်းကျေးရွာအားလည်းကောင်း၊ ဇွန်လ ၃ ရက်တွင် ကျောက်လုံးကြီးတဲစုကျေးရွာအားလည်းကောင်း၊ ဇွန်လ ၆ ရက်တွင် ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့အားလည်းကောင်း၊ ဇွန်လ ၇ ရက်တွင် သစ်ရာပင်လမ်းဆုံအားလည်းကောင်း၊ ဇွန်လ ၈ ရက်တွင် သစ်ရာပင်ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၉ ရက်တွင် ဝင်းကုန်းကျေးရွာအားလည်းကောင်း၊ ဇွန်လ ၁၁ ရက်တွင်ညောင်ပင်လယ်ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၁၃ ရက်တွင် ယာကြီးကျေးရွာအားလည်းကောင်း၊ ဇွန်လ ၁၅ ရက်တွင် ကွမ်းပင်ရေနှင့် ဇွန်လ ၁၈ ရက်တွင် လာပို့ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၁ ရက်တွင် စစ်လင်းချောင်းကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၂ ရက်တွင် ထုံးကြီးကျေးရွာအားလည်းကောင်း အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကာ ယမန်နေ့ ဇွန်လ ၂၃ ရက်တွင် ကျော်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ လုံခြုံရေးတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ကျေးရွာတစ်ဝိုက်လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများသည်အဆိုပါလမ်းတစ်လျှောက်၌ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်စဉ်အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူအလောင်းများ၊ လက်နက်ခဲယမ်းဆက်စပ်ပစ္စည်းများနှင့်အခြေပြုစခန်းနေရာများအား သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။ ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် လာပို့ကျေးရွာနှင့် ကျော်ကျေးရွာအကြားရှိ လမ်းကြောင်း **စာမျက်နှာ ၂၃ သို့ ❒**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ တရားမဝင် တရုတ်နိုင်ငံသား ၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ တရားမဝင် တရုတ်နိုင်ငံသား ၄ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ။








အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သည့် တရားမဝင်တရုတ်နိုင်ငံသား ၄ ဦးနှင့်လုပ်ငန်းသုံးပစ္စည်းများအားတွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်အစိုးရအနေဖြင့်အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆက်မပြတ် အရှိန်အဟုန်မြှင့်တင် ပြတ်ပြတ်သားသား နှိမ်နင်းတိုက်ဖျက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသားအမျိုးသား ၄ ဦးအား ဖုန်းမျိုးစုံ ၃၄ လုံး၊ All In One ကွန်ပျူတာ ၈ လုံး၊ အင်ဗာတာ ၁ လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

❒ စာမျက်နှာ ၂၂ မှအဆက်

တစ်လျှောက်တွင်အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာထောင်ထားသည့် မိုင်းများအားဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်သွားလာနေသော ကုန်တင်ကားများ၊ ခရီးသွားမော်တော်ယာဉ်များထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်၏အဖိုးတန်သယံဇာတတွင် တစ်ခုအပါအဝင်ဖြစ်သည့်သစ်များကို တရားဥပဒေမဲ့ ခိုးထုတ်ခြင်း၊ နိုင်ငံတော်မှ ကန့်သတ်ထားသည့်ကုန်စည်များကိုလည်း ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက်တရားမဝင်သယ်ယူပို့ဆောင်ခြင်းများပြုလုပ်ကာ ယာယီထိန်းချုပ်ပိတ်ဆို့ထားသည့်အပြင်ဒေသခံပြည်သူများအပေါ် မထင်လျှင်မထင်သလို အနိုင်ကျင့်သတ်ဖြတ်မှုများ ပြုလုပ်လျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် လုံခြုံအေးချမ်းမှုမရှိဘဲ စိုးရိမ်ကြောက်လန့်မှုကြီးစွာဖြင့် နေထိုင်နေကြရသည်။

တပ်မတော်အနေဖြင့် အိန္ဒိယ-မြန်မာနှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းကုန်စည်ပို့ဆောင်မှုများအတွက် အရေးပါလှသည့် အဆိုပါ ကလေး၀-ယာကြီး-မုံရွာလမ်းကြောင်းအား ဒေသခံပြည်သူများစိတ်အေးချမ်းသာစွာသွားလာနေထိုင်နိုင်ရေးအတွက် အမြန်ဆုံးအပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် နှောင့်ယှက်ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ဖြင့် ဆက်လက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တပ်မတော်စစ်ကြောင်းများက ကလေး၀-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ ကျော်ကျေးရွာဘုန်းကြီးကျောင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။







ကလေး၀-ယာကြီး-မုံရွာ လမ်းကြောင်းပေါ်ရှိ လာပို့ကျေးရွာနှင့် ကျော်ကျေးရွာအကြား၌ အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရိုင်းစိုင်းစွာထောင်ထားသည့် မိုင်းများအား တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ရှင်းလင်းခဲ့မှုကိုတွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဧရာတ်ဧက ၅၀၀ ကျော် စိုက်ပျိုးမည်



ပွင့်ဖြူ ဇွန် ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဧရာတ်ဧက ၅၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဧရာတ် ၅၅၉ ဧကစိုက်ပျိုးမည်ဖြစ်ပြီး ဇွန်လမှစ၍ စက်တင်ဘာလအထိ စိုက်ပျိုးမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဧရာတ် ၅၅၉ ဧက စိုက်ပျိုးသွားပါမယ်။ ဧရာတ်ကို ဇွန်လကစပြီး စက်တင်ဘာလအထိ စိုက်ပျိုးမှာပါ။ ဧရာတ်က ဈေးကွက်ရှိတော့ တောင်သူတွေက တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပါတယ်။ တောင်သူတွေကိုလည်း ဧရာတ်အထွက်နှုန်းကောင်းမွန်စေဖို့နဲ့ ထွက်ရှိလာတဲ့သီးနှံတွေ အရည်အသွေးကောင်းပြီး အစားအစာဘေးကင်းလုံခြုံစေဖို့လိုအပ်တဲ့ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်တွေ၊ မျိုးကောင်းမျိုးသန့်ရွေးချယ် စိုက်ပျိုးရေးနည်းလမ်းတွေနဲ့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာပါ"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေအဆင်ပြေမှုနှင့်စိုက်ပျိုးမြေကောင်းမွန်သည့်အတွက် ဒေသခံတောင်သူများက သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ဧရာတ်ကို တစ်နှစ်ပတ်လုံးစီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများကို စားဖိုဆောင်သီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်သည့် စိုက်ပျိုးရေးနည်းပညာများနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# အာဆီယံ-ကိုရီးယား လူငယ်ကွန်ရက်အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ လူငယ်ကိုယ်စားလှယ်နှစ်ဦးတက်ရောက်

ရန်ကုန် ဇွန် ၂၄

ကိုရီးယားသမ္မတနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင် ဇွန်လ ၂၄ ရက်နေ့မှ ဇူလိုင်လ ၁ ရက်အထိ တစ်ဆက်စပ်တည်းကျင်းပမည့် အာဆီယံ-ကိုရီးယား လူငယ်ကွန်ရက်အလုပ်ရုံဆွေးနွေးပွဲ (2026 ASEAN – Korea Youth Network Workshop) သို့တက်ရောက်ရန်အတွက် အာဆီယံ-ကိုရီးယားဗဟိုဌာန (ASEAN – Korea Centre – AKC) မှ မောင်မျိုးမြင့်(ကချင်ပြည်နယ်) နှင့် မအိဇင်ဖြိုး၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှလူငယ်ကိုယ်စားလှယ်နှစ်ဦးတို့တက်ရောက်ရန် ရွေးချယ်ခံခဲ့ရသည်။

အဆိုပါလူငယ်ကိုယ်စားလှယ် နှစ်ဦးသည် ဇွန်လ ၂၃ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှလေကြောင်းခရီးဖြင့်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငြေး၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာစောနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

လင်းခန့်

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၂၄

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ဘိုကလေးမြို့နယ်၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများပေးအပ်

ဘိုကလေး ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ပွဲကို ဇွန်လ ၂၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ညီညီထွဋ်က သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ဖြင့် ဧက ၅၀၀၀ တွင် စိုက်ပျိုးကြမည့်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်ညီညီထွဋ်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြကြောင်းသိရသည်။

မိုးစက်(ဘိုကလေး)

# အနာဂတ်စစ်ပွဲများမှာ အနိုင်မရနိုင်တဲ့ အမေရိကန်ရဲ့အားနည်းချက်ကြီး - ၂

## တကယ့်လက်တွေ့မှာ အမေရိကန်တပ်မတော်က လိုအပ်နေတဲ့အချိန်မှာ ဒီအာကာသ ကာကွယ်ရေးဒိုင်းကြီးဟာ အသင့်ဖြစ်မနေမှာကို အကြီးအကျယ် စိုးရိမ်နေကြ




ပင်တဂွန်စစ်ဌာနချုပ်က အနာဂတ်စစ်ပွဲဖြစ်လာနိုင်ခြေကို "အဓိက အမီလိုက်ရမယ့် စိန်ခေါ်မှု" လို့ တရားဝင်သတ်မှတ်ထားပါတယ်။ ဒါကြောင့်လည်း ကမ္ဘာတစ်လွှားရှိ အမေရိကန်ရဲ့စစ်ဆင်ရေးတွေကို ပံ့ပိုးပေးနေတဲ့ အခုလိုလေကြောင်းစနစ်တွေရဲ့ အသင့်ဖြစ်မှု၊ ကြံ့ကြံ့ခံနိုင်မှုတွေကို ပြန်လည်ဆန်းစစ်လာကြတာပါ။ ဝါရှင်တန်အခြေစိုက် လုံခြုံရေးဆိုင်ရာတတ်သိပညာရှင်များအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Defence Priorities ရဲ့ အာရှအစီအစဉ်ညွှန်ကြားရေးမှူးလိုင်းဂိုးစတိန်းက ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ သုံးသပ်ချက်တစ်ခုပေးထားပါတယ်။

"အမေရိကန်လေတပ်အတွက် ဆီဖြည့်လေယာဉ်တွေဆိုတာ မရှိမဖြစ်ကိုအရေးပါတာပါ။ အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသမှာဖြစ်လာမယ့် စစ်ပွဲမျိုးမှာဆိုရင် နေရာတစ်ခုနဲ့တစ်ခုက အရမ်းဝေးကွာလွန်းသလို အမေရိကန်အတွက်သုံးလို့ရမယ့် လေတပ်အခြေစိုက်စခန်းကလည်း ဒီဒေသမှာ လက်ချိုးရေလို့ရတဲ့ အနေအထားရှိပါတယ်။ ဒီအခြေအနေတွေကြောင့် ဆီဖြည့်လေယာဉ်တွေရဲ့ အခန်းကဏ္ဍကအသက်တမျှ အရေးကြီးသွားပါပြီ။ ပြီးတော့ ပြိုင်ဘက်နိုင်ငံတွေကလည်း ဒါကို ကောင်းကောင်းသိထားတယ်" လို့ သူကဆိုပါတယ်။

ဒီအချိန်မှာ ပြိုင်ဘက်နိုင်ငံတချို့ဟာ အမေရိကန်ရဲ့ တိုက်လေယာဉ်တွေကို တိုက်ရိုက်ရင်ဆိုင်ဖို့ထက် အဲဒီလေယာဉ်တွေက ဆီမရှိရင်မပျံနိုင်ဘူးဆိုတဲ့ အားနည်းချက်ကိုအမိအရဆုပ်ကိုင်ထားပါတယ်။ ဒါကြောင့်ပဲ သူတို့ရဲ့ တာဝေးပစ်ဒုံးကျည်တွေဟာ အမေရိကန်ရဲ့ ကိုယ်ပျောက်နိုင်စွမ်းရှိတဲ့တိုက်လေယာဉ်တွေကို မပစ်ဘဲ ကြီးမားလေးလံပြီး ကိုယ်ဖျောက်လို့မရတဲ့ ဆီဖြည့်လေယာဉ်ကြီးတွေကို အဓိကပစ်မှတ်ထားပါလိမ့်မယ်။

"အမေရိကန်နဲ့ အီရန်ကြားက တင်းမာမှုတွေကို ကြည့်ပါ။ ရှေ့တန်းအခြေစိုက်စခန်းတွေမှာရှိတဲ့ အမေရိကန်ပစ်မှတ်များကို အီရန်ကဒုံးကျည်တွေနဲ့ တိုက်ခိုက်နိုင်တယ်ဆိုတာ အထင်အရှားသက်သေပြခဲ့ပြီးပါပြီ။ အီရန်တောင် ဒီလောက်လုပ်နိုင်ရင်၊ နည်းပညာအရသာမက စစ်ရေးအင်အားမှာပါသာလွန်တဲ့ ပြိုင်ဘက်နိုင်ငံတွေဆိုရင်အမေရိကန်ရဲ့ဆီဖြည့်လေယာဉ်တွေ၊ အခြေစိုက်စခန်းတွေကို ဒုံးကျည်တွေ၊ ဒရုန်းတွေ အသုံးပြုပြီး အီရန်ထက် အဆပေါင်းများစွာပြင်းပြင်းထန်ထန် တိုက်ခိုက်လာနိုင်တယ်လို့ ကျွန်တော်တို့ တွေးထားရပါလိမ့်မယ်" ဆိုပြီး ဂိုးစတိန်းကသတိပေးထားပါတယ်။

ဒီပြဿနာက ကမ္ဘာမြေပြင်နဲ့ လေထုထဲမှာတင် မပြီးသွားပါဘူး။ အမေရိကန်ရဲ့ ဂုဏ်ယူစရာလို့ဆိုရမယ့် အာကာသဆိုင်ရာ စစ်ရေးစွမ်းရည်ပိုင်းကိုကြည့်ရင် သူတို့ရဲ့ ခေတ်မီအဆင့်မြှင့်တင်ရေးအပိုင်းတွေမှာ အခက်အခဲတွေ၊ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဝါရှင်တန်ရှိ နာမည်ကျော် တတ်သိပညာရှင်အဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ RAND ကော်ပိုရေးရှင်းရဲ့ သီးခြားအစီရင်ခံစာတစ်ခုအရဆိုရင် နိုင်ငံကြီးတချို့ဟာ အာကာသထဲမှာ အမေရိကန်ကိုယှဉ်နိုင်ရုံသာမက အမေရိကန်မစွမ်းဆောင်နိုင်သေးတဲ့ စွမ်းဆောင်ရည်တွေကိုပါ ကျွမ်းကျင်ပိုင်နိုင်နေပြီလို့ဆိုပါတယ်။

အံ့ဩစရာကောင်းတဲ့ သတင်းတစ်ခုက သိပ်မကြာသေးခင်ကပဲ ကမ္ဘာနဲ့တစ်ပြိုင်တည်းလှည့်ပတ်နေတဲ့ ဂြိုဟ်ပတ်လမ်းရှိ ဂြိုဟ်တုနှစ်စင်းကိုအသုံးပြုပြီး အာကာသထဲမှာ ဂြိုဟ်တုများအချင်းချင်းကြား အလိုအလျောက်လောင်စာဖြည့်တင်းမှု နည်းပညာတစ်ခုအောင်မြင်စွာထွက်ပေါ်လာတာကိုမြင်တွေ့ရပါတယ်။ ဒီကိစ္စက ဘာလို့အရေးကြီးတာလဲ။ အရပ်ဘက်သုံးအနေနဲ့ကြည့်မယ်ဆိုရင် ဂြိုဟ်တုတွေကိုလောင်စာပြန်ဖြည့်ပေးနိုင်တဲ့အတွက် သက်တမ်းပိုရှည်အောင် လုပ်ပေးနိုင်တာမှန်ပါတယ်။ ဒါပေမဲ့ စစ်ရေးအမြင်နဲ့ကြည့်ရင် ဂြိုဟ်တုတစ်လုံးနား နောက်ဂြိုဟ်တုတစ်လုံးကကပ်သွားပြီး ဆီဖြည့်ပေးနိုင်တဲ့ နည်းပညာဟာ ရန်သူ့ဂြိုဟ်တုနားကို ကပ်သွားပြီး ဖမ်းယူတာ၊ လမ်းကြောင်းလွှဲတာ၊ ဒါမှမဟုတ် ဖျက်ဆီးပစ်တာမျိုးတွေအထိပါ အလွယ်တကူ လုပ်ဆောင်နိုင်စွမ်းရှိနေလို့ပဲဖြစ်ပါတယ်။

ဒီလို နည်းပညာတွေကြောင့် စစ်ရေးအရအသုံးချမှု အသစ်လုပ်လာနိုင်ပေမယ့် တစ်ဖက်မှာလည်း နိုင်ငံတွေကြားမှာ အထင်အမြင်လွဲမှားမှုတွေဖြစ်လာနိုင်ပြီး ပဋိပက္ခတွေ ပိုမိုကြီးထွားလာနိုင်တဲ့အန္တရာယ်ရှိတယ်လို့ RAND က ထောက်ပြထားပါတယ်။ စဉ်းစားကြည့်ပါ၊ အာကာသထဲမှာ တခြားဂြိုဟ်တုတစ်ခုက အမေရိကန်စစ်သုံးဆက်သွယ်ရေး ဂြိုဟ်တုတစ်ခုနားကို ကပ်သွားတယ်ဆိုပါစို့။ ဒါဟာ သာမန်လမ်းကြောင်းပြောင်းတာလား၊ ဒါမှမဟုတ် တိုက်ခိုက်ဖို့ ကြံရွယ်တာလားဆိုတာ ဘယ်သူမှမခွဲခြားနိုင်ပါဘူး။ အဲဒီလို အထင်လွဲမှုကနေ တစ်ဆင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ ပြန်လည်တိုက်ခိုက်မှုတွေလုပ်လာခဲ့ရင် ဒါဟာ ကမ္ဘာမြေပြင်ပေါ်က စစ်ပွဲကြီးတစ်ခုအထိတောင် အလွယ်တကူ ကူးစက်သွားနိုင်ပါတယ်။

အမေရိကန်နိုင်ငံရဲ့ အာကာသဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ(SDA) ဟာ လက်ရှိမှာ Proliferated Warfighter Space Architecture (PWSA) လို့ အမည်ပေးထားတဲ့ မဟာဗျူဟာမြောက်စီမံကိန်းကို အကောင်အထည်ဖော်နေပါတယ်။ ဒီစီမံကိန်းရဲ့ သဘောတရားကတော့ ကမ္ဘာ့လေထုအနိမ့်ပိုင်း ဂြိုဟ်ပတ်လမ်းထဲမှာ ဂြိုဟ်တုငယ်လေးတွေရာနဲ့ချီပြီး ပိုက်ကွန်တစ်ခုလို ဖြန့်ကြက်ထားမှာပါ။ ရည်ရွယ်ချက်ကတော့ ပြိုင်ဘက်နိုင်ငံတွေဆီမှ ပစ်ခတ်လာနိုင်တဲ့ အဆင့်မြင့်အသံနှုန်းလွန်ဒုံးကျည်တွေအပါအဝင် တခြားတိုက်ချင်းပစ်ဒုံးကျည်အန္တရာယ်ကို စောစောစီးစီး ရှာဖွေခြေရာခံနိုင်ဖို့ပဲဖြစ်ပါတယ်။

ယခင်ကလိုတန်ဖိုးကြီးတဲ့ ဂြိုဟ်တုကြီးအနည်းငယ်ကိုပဲအားကိုးနေမယ့်အစား၊ ဈေးပေါတဲ့ ဂြိုဟ်တုငယ်လေးတွေအများကြီးသုံးတာက ရန်သူအနေနဲ့ အကုန်လုံးကို လိုက်လံဖျက်ဆီးဖို့ခက်ခဲသွားစေမယ်ဆိုတဲ့ အယူအဆပါ။ ဒါပေမဲ့ ဒီစီမံကိန်းမှာလည်း အခက်အခဲတွေ အများကြီးရှိနေပါတယ်။ SDA ဟာ သူတို့စီစဉ်ထားတဲ့အချိန်ဇယားအတိုင်း ဒီစွမ်းဆောင်ရည်တွေကို အကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ အန္တရာယ်ကြီးကြီးမားမား ရှိနေတယ်လို့ အစိုးရတာဝန်ခံမှုရုံးရဲ့စုံစမ်းစစ်ဆေးမှုက တွေ့ရှိခဲ့တာဖြစ်ပါတယ်။

အေဂျင်စီအနေနဲ့ သူတို့သုံးမယ့် နည်းပညာတွေ၊ အထူးသဖြင့် ပြုပြင်မွမ်းမံထားတဲ့ အာကာသယာဉ်တွေရဲ့ အသင့်ဖြစ်မှုကို အကောင်းမြင်လွန်းနေတယ်လို့ စောင့်ကြည့်ရေးအဖွဲ့ကဆိုပါတယ်၊ သူတို့တည်ဆောက်နေတဲ့ ရှေ့ပြေးပုံစံတွေဟာ တကယ်တမ်း လက်တွေ့တည်ဆောက်တဲ့အခါ ဆော့ဝဲ အခက်အခဲတွေ၊ ဟာ့ဝဲ ချွတ်ယွင်းချက်တွေကြောင့် ကြိုတင်မတွက်ဆထားတဲ့ အလုပ်တွေ ထပ်ပေါ်လာပါတယ်။ ပြီးတော့ ဂြိုဟ်တုတစ်ခုနဲ့တစ်ခု၊ စနစ်တစ်ခုနဲ့တစ်ခု ချိတ်ဆက်ပေါင်းစပ်ရာမှာ စိန်ခေါ်မှုအမျိုးမျိုး ကြုံရတာတွေကြောင့် သတ်မှတ်ချိန်ထက်ကျော်လွန်ပြီး နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်ပေါ်နေရပါတယ်။ တကယ့်လက်တွေ့မှာ အမေရိကန်တပ်မတော်က လိုအပ်နေတဲ့အချိန်မှာ ဒီအာကာသ ကာကွယ်ရေးဒိုင်းကြီးဟာ အသင့်ဖြစ်မနေမှာကို အကြီးအကျယ် စိုးရိမ်နေကြတာပါ။

အချုပ်အားဖြင့် ပြန်လည်သုံးသပ်ရမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ စစ်ရေးအင်အားဆိုတာ အပြင်ပန်းကနေကြည့်ရင် ဘယ်သူမှမယှဉ်နိုင်တဲ့၊ နည်းပညာအမြင့်ဆုံး ရေမစက်ယန္တရားကြီးတစ်ခုလို ထင်ရပေမယ့်၊ တကယ်တမ်း အတွင်းကျကျ လေ့လာကြည့်တဲ့အခါမှာ အဲဒီစက်ယန္တရားကြီး လည်ပတ်ဖို့လိုအပ်တဲ့ အခြေခံအကျဆုံး "ထောက်ပံ့ပို့ဆောင်ရေးကျောရိုး"တွေမှာ အားနည်းချက်တွေ အများကြီးရှိနေတယ်ဆိုတာကို ဒီအစီရင်ခံစာတွေက ပြတ်ပြတ်သားသား ပြသနေပါတယ်။

ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်ကျော်ဖို့လိုအပ်တဲ့ ဝေဟင်ဆီဖြည့်လေယာဉ်ဆိုတဲ့ တံတားကြီးဟာ ဟောင်းနွမ်းယိုယွင်းပြီး ပြိုကျလုနီးပါး အခြေအနေကို ရောက်နေသလို အသစ်အစားထိုးမယ့် အစီအစဉ်တွေကလည်း မျှော်လင့်သလို ဖြစ်မလာနေပါဘူး။ တစ်ချိန်တည်းမှာပဲ အာကာသစစ်မျက်နှာပြင်မှာ အမေရိကန်ရဲ့ ကာကွယ်ရေးဂြိုဟ်တုကွန်ရက် စီမံကိန်းတွေ၊ ရှေ့ပြေးပုံစံတွေဟာ အချိန်မီမပြီးစီးနိုင်တဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။

ဒါကြောင့် အနာဂတ်မှာ စစ်ပွဲတစ်ခုဖြစ်ပွားလာခဲ့ရင် အနိုင်အရှုံးကိုဆုံးဖြတ်ပေးမှာက ဘယ်သူ့ဆီမှာ ပိုကောင်းတဲ့ တိုက်လေယာဉ်ရှိနေသလဲဆိုတာထက် ဘယ်သူက ကိုယ့်ရဲ့တပ်ဖွဲ့တွေကို ရေရှည်ထောက်ပံ့ပေးနိုင်လဲ၊ ဘယ်သူကရန်သူရဲ့ ထောက်ပံ့ရေးကွင်းဆက်နဲ့ အာကာသအာရုံခံစနစ်တွေကို အရင်ဆုံး ဖြတ်တောက်နိုင်သလဲဆိုတဲ့ အချက်တွေကသာအဓိကကျလာမှာပါ။

အကယ်၍ အမေရိကန်နိုင်ငံအနေနဲ့ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ဒီလိုအခြေခံကျတဲ့ ထောက်ပံ့ပို့ဆောင်ရေးပြဿနာတွေ၊ နည်းပညာဖြန့်ကြက်အသုံးပြုမှုဆိုင်ရာ အားနည်းချက်တွေကို အမြန်ဆုံး မဖြေရှင်းနိုင်ဘူးဆိုရင်တော့ အင်ဒို-ပစိဖိတ်ဒေသမှာ စိန်ခေါ်မှုတွေကို ရင်ဆိုင်တဲ့နေရာမှာ အမေရိကန်တပ်မတော်ဟာ အလွန်ကြီးမားတဲ့ အကျပ်အတည်းတွေ၊ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရနိုင်တယ် ဆိုတာကတော့ ငြင်းလို့မရတဲ့ အမှန်တရားတစ်ခုပဲဖြစ်ပါတယ်။

**Ref: SCMP**

ထက်မြတ်

# ဟော်မုရေလက်ကြား၌ပိတ်မိနေသည့် ဆီတင်သင်္ဘောများ ရေလက်ကြားမှထွက်ခွာလာ



စင်ကာပူ၊ ကုန်သွယ်ရေး

ရေနံစိမ်းစည်ပေါင်း ငါးသန်းကို တင်ဆောင်ထားပြီး ဟော်မုရေလက်ကြား၌ပိတ်မိလျက်ရှိသော ဆီတင်သင်္ဘောများသည်ဇွန်လ ၂၄ ရက်တွင် ရေလက်ကြားမှ ထွက်ခွာလာပြီဖြစ်ကြောင်းသိရသည်၊ ရေလက်ကြားမှ ထွက်ခွာလာသည့် ဆီတင်သင်္ဘော သုံးစင်းအနက် နှစ်စင်းသည် အာရှဒေသသို့ဦးတည်လာခြင်းဖြစ်သည်ဟု ကုန်တင်သင်္ဘောကူးသန်းသွားလာရေးအချက်အလက်များတွင် ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်တို့ကြား တိုက်ခိုက်မှုများစတင်သည့်အချိန်မှစ၍ ဟော်မုရေလက်ကြား၌ ဆီတင်သင်္ဘော ၂၆ စင်းအထိပိတ်မိနေခြင်းဖြစ်ပြီး ယခုအခါ ရေလက်ကြားမှ ထွက်ခွာနိုင်ခြင်းမရှိသေးသည့် ဆီတင်သင်္ဘော ၁၈ စင်း ကျန်ရှိနေသေးသည်။

ဆီတင်သင်္ဘောများပိတ်မိနေမှုကြောင့် စက်သုံးဆီဈေးကွက်တွင် လောင်စာပြတ်လပ်မှုများဖြစ်ပေါ်နေသည့်အပြင် လောင်စာဈေးနှုန်းများလည်း မြင့်တက်လာသည်။ ယခုအခါ အမေရိကန်နှင့်အီရန်တို့ကြား လက်မှတ်ရေးထိုးသည့် နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်အရ ဟော်မုရေလက်ကြားကိုပြန်ဖွင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

Ref: ST

# နျူကလီးယားလက်နက်ကသာ ကမ္ဘာစစ်ဖြစ်မှုကိုတားဆီးပေးနိုင်မည်ဟု ရုရှားပြော



မော်စကို၊ စစ်ရေး

နျူကလီးယားလက်နက်များကသာလျှင် ကမ္ဘာစစ်ပွဲဖြစ်ပွားမှုကို တားဆီးပေးနိုင်မည့် တစ်ခုတည်းသောအရာဖြစ်ကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဇွန်လ ၂၄ ရက်တွင် ပြောသည်။

လက်ရှိတွင် တစ်ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးမှာ နည်းလမ်းမျိုးစုံဖြင့် ပျက်စီးယိုယွင်းလာနေကြောင်း၊ နျူကလီးယားအဟန့်အတားမှလွဲ၍ ကမ္ဘာကြီးတွင် စစ်ပွဲဖြစ်ပွားမှုကို တားမြစ်နိုင်သည့်အရာမရှိကြောင်း ဒီမီထရီပက်စကော့က Primakov Readings ဖိုရမ်၌ပြောသည်။

ထို့ပြင် ဒေသတွင်းပဋိပက္ခများ ဖြစ်ပွားနိုင်ခြေသည် တစ်နေ့တခြား မြင့်မားလာနေကြောင်း၊ လုံခြုံရေးနယ်ပယ်တွင် တွေ့ဆုံဆွေးနွေးမှုများလုပ်ရန် မည်သည့်တွန်းအားမျှ မရှိနေကြောင်း ဒီမီထရီပက်စကော့ကဆက်ပြောသည်။

လက်ရှိအချိန်တွင် နည်းပညာများသည်လည်း မြင့်မားလာနေပြီဖြစ်ကြောင်း၊ အနာဂတ်တွင် သမားရိုးကျလက်နက်များကပင် နျူကလီးယားလက်နက်ကဲ့သို့ အဖျက်စွမ်းအားပြင်းထန်လာစေမည်ဖြစ်ကြောင်း ဒီမီထရီပက်စကော့က ပြောသည်ဟုသိရသည်။

Ref: Sputnik

# မြောက်ကိုရီးယားက နျူကလီးယားဒုံးကျည်တင် ဖျက်သင်္ဘောကို တပ်တော်သွင်း

ပြုံယမ်း၊ စစ်လက်နက်

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားဒုံးကျည်တင်ဆောင်နိုင်စွမ်းရှိသည့် ဖျက်သင်္ဘောအသစ်ကို တပ်တော်သွင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

တန်ချိန် ၅၀၀၀ ရှိသည့် အဆိုပါဖျက်သင်္ဘောသည် မြောက်ကိုရီးယားနိုင်ငံ၏ ရေတပ်စွမ်းရည်များနှင့် နျူကလီးယားစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမှု၏ ပြယုဂ်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ်းရိုးတန်းကာကွယ်ရေးတပ်ဖွဲ့အဖြစ် သာတည်ရှိနေသည့် ရေတပ်ခေတ်ကုန်ဆုံးသွားပြီဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်ကပြောသည်။

Choe Hyon ဟုအမည်ပေးထားသည့် ဖျက်သင်္ဘောတွင် လေယာဉ်ဖျက်နှင့် သင်္ဘောဖျက်လက်နက်များအပြင် နျူကလီးယားကိုသယ်ဆောင်နိုင်သော အမြင့်ပျံနှင့်အနိမ့်ပျံဒုံးကျည်များကိုလည်း တပ်ဆင်ထားကြောင်း၊ ထိုဖျက်သင်္ဘောကို ပြီးခဲ့သည့်လများအတွင်း စမ်းသပ်မှုများလုပ်ထားကြောင်း၊ ထိုစမ်းသပ်မှုတွင် အနိမ့်ပျံဒုံးကျည်ပစ်ခတ်မှုလည်းပါဝင်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် ရေတပ်၏ရည်မှန်းချက်များကို ကမ်းရိုးတန်းကာကွယ်ရေးတွင်သာ ကန့်သတ်မထားတော့ကြောင်း ကင်ဂျုံအွန်ကပြောသည်ဟုမြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနက ဖော်ပြထားသည်။

အလားတူ Choe Hyon ဖျက်သင်္ဘောသည် မြောက်ကိုရီးယားရေတပ်၏ စစ်အင်အားကိုပြသရန်၊ စစ်ဆင်ရေးနယ်မြေကို တိုးချဲ့ရန်၊ ကြိုတင်လက်ဦးမှုယူ တိုက်ခိုက်ရေးစွမ်းရည်များ ပိုမိုတိုးမြှင့်စေရန်တို့အတွက် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြထားသည်။

Ref: Sputnik



# အမေရိကန်ရှိ ကားကုမ္ပဏီများက ဒုံးကျည်များကိုပင် ထုတ်လုပ်နိုင်ဟု ထရမ့်ပြော

ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်နိုင်ငံအနေဖြင့် စစ်လက်နက်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ရန် လိုအပ်သည့်အချိန်နှင့် လက်နက်များကိုဖြည့်တင်းရန် လိုအပ်သည့်အချိန်တို့တွင် နိုင်ငံရှိ မော်တော်ကားကုမ္ပဏီများသည် ဒုံးကျည်များကိုပင် ထုတ်လုပ်နိုင်စွမ်းရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကပြောသည်။

အပိုပစ္စည်းထုတ်လုပ်မှုစက်ရုံရှိသည့် မော်တော်ကားကုမ္ပဏီများသည် Patriot လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များနှင့် Tomahawk အနိမ့်ပျံဒုံးကျည်များအပါအဝင် လက်နက်များကို ထုတ်လုပ်နိုင်ရေးအတွက် သဘောတူညီချက်များနှင့် ပတ်သက်၍ ဆွေးနွေးနေကြောင်း ထရမ့်က အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲ၌ ပြောထားခြင်းဖြစ်သည်။

ထို့ပြင် General Motors နှင့် Ford ကုမ္ပဏီတို့မှ စက်ရုံအချို့မှာ စစ်ဘက်ဆိုင်ရာထုတ်လုပ်မှုများ လုပ်ဆောင်နိုင်ရန် ပြင်ဆင်ပြောင်းလဲမှုများကို လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုပြင်ပြောင်းလဲမှုသည် လက်နက်များထုတ်လုပ်ရေးအတွက် ကြီးမားသောစီးပွားရေးတွန်းအားကြောင့်ဖြစ်ကြောင်း ထရမ့်က ဆက်ပြောသည်။

အမေရိကန်အစိုးရသည် အရပ်ဘက်သုံးစက်ရုံများကို လက်နက်ခဲယမ်းများနှင့် အခြားသောဆက်စပ်ပစ္စည်းများထုတ်လုပ်နိုင်စေရေးအတွက် ကားကုမ္ပဏီများသို့ချဉ်းကပ်နေကြောင်း သတင်းအချို့က ဖော်ပြပြီးနောက် ထရမ့်က ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ Ref: RT

# အမေရိကန်က အစ္စရေးနှင့်လမ်းခွဲမည်ဟု ထရမ့်ခြိမ်းခြောက်ခဲ့



နယူးယောက်၊ နိုင်ငံရေး

ဂျူးလူမျိုးများအနေဖြင့် ဘင်ဂျမင်နေတန်ယာဟုကြောင့် ပင်ပန်းနေပြီဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံက အစ္စရေးနိုင်ငံနှင့် မဟာမိတ်ဆက်ဆံရေးမှလမ်းခွဲသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အစ္စရေးဝန်ကြီးချုပ်နှင့် ဖုန်းဆက်ပြောစဉ်ခြိမ်းခြောက်ခဲ့သည်ဟု သတင်းထောက်မက်ဂီဟက်ဘာမန်းနှင့် ဂျိုနသန်စွမ်းတို့ရေးသားသည့် စာအုပ်အသစ်တွင် ဖော်ပြထားသည်။

ထရမ့်နှင့် နေတန်ယာဟုတို့က ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ဖုန်းဆက်ဆွေးနွေးစဉ် အစ္စရေးက အမေရိကန်၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်ကိုလက်ခံရန် ထရမ့်က တိုက်တွန်းစဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်ဟု စာအုပ်တွင်ရေးသားထားသည်။ ထို့ပြင် အစ္စရေးနိုင်ငံက လက်ဘနွန်အပေါ် တိုက်ခိုက်မှုများဆက်လုပ်နေခြင်းနှင့်ပတ်သက်၍ ထရမ့်က ရှုတ်ချထားကြောင်း သိရသည်။ Ref: RT

# ပြင်သစ်၌ ပထမဆုံးသော အီဘိုလာရောဂါဖြစ်ပွားမှုကိုတွေ့ရှိ

ပဲရစ်၊ ကျန်းမာရေး

ပြင်သစ်နိုင်ငံ၌ ပထမဆုံးသော အီဘိုလာရောဂါဖြစ်ပွားမှုကိုတွေ့ရှိကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်ကိုကိုးကား၍ ဒေသတွင်းသတင်းစာက ဇွန်လ ၂၄ ရက်တွင် ဖော်ပြထားသည်။

ထိုအီဘိုလာရောဂါကို ဆရာဝန်တစ်ဦးထံမှ တွေ့ရှိခြင်းဖြစ်ကြောင်း၊ ထိုဆရာဝန်သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ အီဘိုလာရောဂါဖြစ်ပွားရာနေရာမှ ပြန်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံသို့ပြန်ရောက်သည့်အခါ စစ်ဆေးစဉ်တွင် ထိုရောဂါကူးစက်ခံထားရသည်ကို တွေ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ လက်ရှိတွင် အဆိုပါဆရာဝန်ကိုအထူးကြပ်မတ်ကုသမှုပေးလျက်ရှိကြောင်းနှင့် ၎င်း၏အခြေအနေမှာ တည်ငြိမ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ Ref: Xinhua

# ပြည်ထောင်စုတည်ဆောက်ခြင်းနှင့်တရားသေအန္တရာယ်

မင်းခန့်ကျော်(ဥပဒေ)

၂၀၂၆ ခုနှစ် မေလ ၂၆ ရက်နေ့က နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ နိုင်ငံတော်သမ္မတကြီးက **"ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ရအောင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဟုဆိုရာတွင် နယ်မြေဒေသကိုပေးသည့် ဖက်ဒရယ်ဖြစ်ပြီး လူမျိုးကိုပေးသည့် ဖက်ဒရယ်မဟုတ်သည်ကို သိရှိနားလည်နိုင်ကြရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့တာကို တွေ့ရပါတယ်။ ဒီလို နိုင်ငံတော်သမ္မတကြီးက ပြောကြားခဲ့တဲ့အပါမှာ အွန်လိုင်းမီဒီယာအချို့က ဝေဖန်ပြောဆိုခဲ့တာကိုလည်းတွေ့ရှိရပါတယ်။ အွန်လိုင်းမီဒီယာတစ်ခုက "ဒေသအခြေခံဖက်ဒရယ်လို့ပြောဆိုချက်ဟာ တိုင်းရင်းသားတွေလိုလားတဲ့ လူမျိုးစုအခြေခံဖက်ဒရယ်မူနဲ့ ကွာဟနေတာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွေမှာ အခက်အခဲတွေ ဆက်ရှိနေအုံးမှာဖြစ်ကြောင်း" ပြောဆိုရေးသားဖော်ပြခဲ့တာကို တွေ့ရှိရပါတယ်။

နောက်ထပ်အွန်လိုင်းမီဒီယာတစ်ခုကလည်း "နယ်မြေဒေသကိုပေးခြင်းဆိုသည်မှာ လက်ရှိ ရှိနေသည့် တိုင်းနှင့်ပြည်နယ် နယ်နိမိတ်အတွင်း၌သာ လုပ်ပိုင်ခွင့်အချို့ကို ခွဲဝေပေးမည်ဟုဆိုလိုခြင်းဖြစ်ကြောင်း" ကိုယ့်အယူအဆနဲ့ကိုယ် ရေးသားဖော်ပြခဲ့တာကိုလည်းတွေ့ရှိရပါတယ်။ အခြားဝေဖန်ရေးသားမှုတွေလည်းရှိနေပါသေးတယ်။ စာလေးပြီး လိုရင်းမရောက်မှာစိုးတဲ့အတွက် ချန်လှပ်ထားခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သောတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရဲ့ အခန်း(၁)၊ အခြေခံမူများအခန်းမှာဆိုရင် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးတည်ဆောက် နိုင်ရေးအတွက် အခြေခံမူတွေချမှတ်ထားတဲ့ အပိုဒ် ၁၊ အပိုဒ်ခွဲ(က)မှာ **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍** လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ **ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ** အပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်" လို့နှစ်ဖက်သဘောတူထားခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီအခြေခံမူမှာ ထင်ရှားတဲ့ချိတ်ဆက်ထားမှုက ဒို့တာဝန်အရေးသုံးပါးနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေတောင်းဆိုတဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များဆိုတဲ့ အချက်နှစ်ချက်ကို ချိတ်ဆက်ထားတာပဲဖြစ်ပါတယ်။ ဒီချိတ်ဆက်ထားမှုအရဆို ရှင်းပါတယ်။ နိုင်ငံတော်ပြိုကွဲစေမယ့် အန္တရာယ်ကိုရှောင်ရှားကြမယ်လို့ သဘောတူထားခဲ့ကြတဲ့ သဘောလည်းဖြစ်ပါတယ်။ ဒီနေရာမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စုတည်ဆောက်ရေးသဘောတရားနဲ့ ကျော်လွန်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုကြတာကိုလည်း တွေ့နေရပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ပင်လုံစာချုပ်မှာကတည်းက လက်ခံထားခဲ့တာဖြစ်တယ်လို့ ပြောဆိုကြတာကိုလည်းတွေ့ရပါတယ်။ ပင်လုံစာချုပ်မှာအတိအလင်းဖော်ပြထားတာက "Full autonomy in internal administration for the Frontier Areas is accepted in principle" ဟူ၍ဖြစ်ပါတယ်။ ဒါကို **"တောင်တန်းဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိရမည်**ဟု မူအားဖြင့် သဘောတူကြသည်" လို့မြန်မာမှုပြုကြတာကို တွေ့ရပါတယ်။

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးဆွေးနွေးကြတဲ့ အခါမှာလည်း စကားလုံးတစ္ဆေခြောက်မှုတွေကြောင့် ရှေ့ရောက်သင့်သလောက် မရောက်ခဲ့ရတဲ့အခြေအနေ တွေနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ ဖက်ဒရယ်စနစ်ရဲ့ မူသဘောတရားတွေကိုကြည့်မယ်ဆိုရင် "ဖက်ဒရယ် စနစ်ဆိုတာ တစ်စိတ်တစ်ဒေသကိုယ်ပိုင်အုပ်ချုပ်ခြင်းနဲ့၊ တစ်စိတ်တစ်ဒေသ အတူတကွပူးပေါင်းအုပ်ချုပ်ခြင်းတို့ကို ပေါင်းစပ်ထားခြင်း"ဖြစ်တယ်လို့ Elazar က ဆို. . .**

"Full autonomy in internal administration" ကို "နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိရမည်" လို့ မြန်မာမှုပြုတာကို ပြန်စိစစ်ကြည့်တဲ့အခါမှာတော့ "autonomy" ဆိုတာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်လို့ အဓိပ္ပာယ်ရမှာဖြစ်ပြီး ယနေ့ခေတ်မှာ သဘောထားကွဲလွဲနေကြတဲ့ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်–Self Determination" မဟုတ်တာကိုတွေ့ရမှာဖြစ်ပါတယ်။ NCA မှာ ဒို့တာဝန်အရေးသုံးပါးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ချိတ်ဆက်ထားမှုအရ "နယ်တွင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်–Internal Self Determination" အဖြစ်ယူဆရမှာဖြစ်ပါတယ်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးဆွေးနွေးကြတဲ့အခါမှာလည်း စကားလုံးတစ္ဆေခြောက်မှုတွေကြောင့် ရှေ့ရောက်သင့်သလောက် မရောက်ခဲ့ရတဲ့ အခြေအနေတွေနဲ့လည်းကြုံတွေ့ခဲ့ရပါတယ်။ ဖက်ဒရယ်စနစ်ရဲ့ မူသဘောတရားတွေကိုကြည့်မယ်ဆိုရင် **"ဖက်ဒရယ်စနစ်ဆိုတာ တစ်စိတ်တစ်ဒေသကိုယ်ပိုင်အုပ်ချုပ်ခြင်းနဲ့၊ တစ်စိတ်တစ်ဒေသ အတူတကွပူးပေါင်းအုပ်ချုပ်ခြင်းတို့ကိုပေါင်းစပ်ထားခြင်း"** ဖြစ်တယ်လို့ Elazar က ဆိုထားပါတယ်။

နယ်မြေဒေသကိုကိုယ်စားပြုတဲ့ ဖက်ဒရယ်စနစ် (Territorial/Regional Federalism) ဟာ ပထဝီဝင်၊ စီးပွားရေးနဲ့ အခြေခံအဆောက်အအုံ စတဲ့အချက်တွေကိုအခြေခံပြီး ဖက်ဒရယ်နယ်မြေအပိုင်းအခြားတွေကိုသတ်မှတ်ပါတယ်။ ဒီစနစ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံသားအားလုံးရဲ့ တူညီတဲ့ နိုင်ငံသားဖြစ်မှု (common citizenship)ကို အခြေခံပြီး ဗဟိုနှင့်ဒေသအကြား အာဏာခွဲဝေမှုကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီစနစ်မှာ လူမျိုးစုကွဲပြားမှုကို အဓိကထား စဉ်းစားလေ့မရှိဘဲ လူမျိုးစုပေါင်းစုံစုစည်းနေထိုင်တဲ့ နယ်မြေဒေသအခြေအနေကို အဓိကထားစဉ်းစားပြီး နယ်မြေပိုင်းခြားသတ်မှတ်ကာ နယ်မြေဒေသအားလုံးဟာ ဗဟိုအစိုးရမှာ တန်းတူညီမျှ ကိုယ်စားပြုမှုရှိပြီး တူညီတဲ့အာဏာကို ခံစားခွင့်ရရှိတာဖြစ်ပါတယ်။

လူမျိုးကိုကိုယ်စားပြုတဲ့ ဖက်ဒရယ်စနစ် (Ethnic/Multinational Federalism) ကတော့ ဖက်ဒရယ်နယ်မြေအပိုင်းအခြားတွေကို လူမျိုးစုတွေရဲ့နယ်မြေနဲ့ ဘာသာစကားကို အခြေခံပြီး သတ်မှတ်ပါတယ်။ ဒီစနစ်ရဲ့ ရည်ရွယ်ချက်က လူမျိုးစုတစ်ခုက သူတို့ရဲ့နယ်မြေအတွင်းမှာ လူများစုဖြစ်နေပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကျင့်သုံးနိုင်အောင်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီစနစ်မှာ လူမျိုးစုတစ်ခုရဲ့ ဘာသာစကားကိုဖက်ဒရယ်အဆင့် ဒါမှမဟုတ် နယ်မြေဒေသအဆင့်မှာ တရားဝင်ဘာသာစကားအဖြစ် အသိအမှတ်ပြုလေ့ရှိပါတယ်။

လူမျိုးကိုယ်စားပြု ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ရာမှာ အခက်ခဲဆုံး အချက်တစ်ခုက လူမျိုးစုတိုင်း သီးခြားနယ်မြေမှာ လူများစုဖြစ်နေဖို့ လိုအပ်ပြီး လက်တွေ့မှာ မဖြစ်နိုင်လောက်အောင် ခက်ခဲခြင်းပါပဲ။ မြန်မာနိုင်ငံရဲ့ လူမျိုးစုနဲ့ နယ်မြေပုံကို ကြည့်မယ်ဆိုရင် ဒီလိုသတ်မှတ်ဖို့ မဖြစ်နိုင်လောက်တဲ့အခြေအနေဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ လူမျိုးကိုယ်စားပြုဖက်ဒရယ်စနစ်မှာ လူမျိုးစုတစ်ခုစီရဲ့ လူဦးရေအနည်းအများပေါ်မူတည်ပြီး ဖက်ဒရယ်စနစ်ရဲ့ ဟန်ချက်ညီမှုကို ထိခိုက်စေနိုင်ပါတယ်။

စာရေးသူတို့မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာဖက်ဒရယ်စနစ်ကို ဆွေးနွေးခဲ့ပြီး ငြိမ်းချမ်းရေးညီလာခံတွေကျင်းပလို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်တွေကိုလည်း လုပ်ဆောင်ခဲ့ပါတယ်။ ဒီကြားထဲမှာ တချို့သော နိုင်ငံရေးပါတီတွေက လူမျိုးစုကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ဟာရှုပ်ထွေးမှုတွေဖြစ်စေနိုင်တာကြောင့် ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကိုထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုထားတာတွေလည်းရှိပါတယ်။

ကမ္ဘာမှာ ဖက်ဒရယ်စနစ်ကျင့်သုံးတဲ့နိုင်ငံတွေကိုကြည့်မယ်ဆိုရင် တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူဘဲ မူကွဲနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပကတိအခြေအနေအရ ပေါ်များလှတဲ့နိုင်ငံတကာ ဖက်ဒရယ်မူတွေကို ဖတ်မှတ်လေ့လာပြီး တရားသေကိုင်စွဲကာ မြန်မာနိုင်ငံအတွက် ပုံတူကူးချရေးမှာ မည်သို့မျှ မဖြစ်နိုင်ပါ။ ဖက်ဒရယ်စနစ်ရဲ့ မူသဘောတရားတွေကို အခြေခံပြီး မြန်မာနိုင်ငံအတွက် တကယ်အလုပ်ဖြစ်နိုင်တဲ့ ဖက်ဒရယ်စနစ်ကို ကိုယ်ပိုင်ဉာဏ်နဲ့ချင့်ချိန်ရွေးချယ်နိုင်ကြရမှာဘဲဖြစ်ပါတယ်။

ဒီနေရာမှာ ဆရာကျော်ဝင်းရဲ့ "ဖက်ဒရယ်မူ၊ သဘောတရားနှင့် လက်တွေ့" စာအုပ်မှာ ရေးသားထားတဲ့ "စကားလုံးတစ္ဆေ" ဆိုတဲ့ ရေးသားဖော်ပြချက်ကို ကောက်နုတ်ဖော်ပြလိုပါတယ်။ ဆရာကျော်ဝင်းရဲ့ ရေးသားဖော်ပြချက်ကတော့ "မြန်မာ့အစဉ်အလာ လူမှုနိုင်ငံရေးဓလေ့တွင် စံနှုန်းအခြေပြုစဉ်းစားနည်းများ(Normative Thinking) တွင် တွင်တွင်ကျယ်ကျယ်လွှမ်းမိုးခဲ့လေသလားစဉ်းစားဖို့ရှိသည်။ ဤစဉ်းစားနည်း၏အကျိုးဆက်မှာ တရားသေဝါဒဖြစ်ပြီး ဖော်ပြချက်တစ်ခုမှာ စကားလုံးတစ္ဆေဖြစ်လိမ့်မည်ထင်သည်။ မြန်မာ့နိုင်ငံရေးတွင် နိုင်ငံရေးဝေါဟာရများကို မိမိနားလည်ချင်သလို နားလည်ပြီး မိမိဖာသာပြန်ကြောက်နေသူများမကြာခဏတွေ့ရသည်။ ဥပမာ Union ဆိုလျှင် ပြည်ထောင်စုဟုမမြင် တစ်ပြည်ထောင်ဟုထင်သည်မျိုး၊ အလားတူ Federal ဆိုလျှင်လည်း ခွဲထွက်လိမ့်မည်ဟု နားလည်နေသည်မျိုး၊ ဆိုကြပါစို့ စကားလုံးတစ္ဆေခြောက်မှုများ၊ အမှန်စင်စစ် ယူနီယံဖြစ်စေ၊ ဖက်ဒရယ်ဖြစ်စေ ပြည်ထောင်စုစနစ်၏ အနှစ်သာရမှာ ဗဟိုနှင့်ဒေသအာဏာခွဲဝေကျင့်သုံးမှုတွင်ရှိလိမ့်မည်ဟု သဘောရပါသည်။ စကားလုံးတစ္ဆေကိုကျော်နိုင်မှ အနှစ်သာရကို ဆုပ်မိကိုင်မိရှိပါလိမ့်မည်။" ဟူ၍ဖြစ်ပါတယ်။

**နယ်မြေဒေသကိုကိုယ်စားပြုတဲ့ ဖက်ဒရယ်စနစ် (Territorial/Regional Federalism)ဟာ ပထဝီဝင်၊ စီးပွားရေးနဲ့ အခြေခံ အဆောက်အအုံ စတဲ့အချက်တွေကိုအခြေခံပြီး ဖက်ဒရယ်နယ်မြေအပိုင်းအခြားတွေကို သတ်မှတ်ပါတယ်။ ဒီစနစ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံသားအားလုံးရဲ့ တူညီတဲ့ နိုင်ငံသားဖြစ်မှု (common citizenship)ကို အခြေခံပြီး ဗဟိုနဲ့ဒေသအကြား အာဏာခွဲဝေမှုကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီစနစ်မှာ လူမျိုးစုကွဲပြားမှုကို အဓိကထားစဉ်းစားလေ့မရှိဘဲ လူမျိုးစုပေါင်းစုံစုစည်းနေထိုင်တဲ့ နယ်မြေဒေသ အခြေအနေကိုအဓိကထားစဉ်းစားပြီး နယ်မြေပိုင်းခြား သတ်မှတ်ကာ နယ်မြေဒေသအားလုံးဟာ ဗဟိုအစိုးရမှာ တန်းတူညီမျှ ကိုယ်စားပြုမှုရှိပြီး တူညီတဲ့အာဏာကို ခံစားခွင့်ရရှိတာဖြစ် . . .**

အမှန်စင်စစ်မှာလည်း ဖက်ဒရယ်ကခွဲထွက်ခြင်းမဟုတ်၊ ဖက်ဒရယ်အမည်ခံပြီး ကွန်ဖက်ဒရေးရှင်းဘက်ယိမ်းနေကြမှုကြောင့်သာ ပြည်ထောင်စုတည်ဆောက်ရေးလမ်းခရီးခက်ခဲနေရခြင်းဟု မြင်မိသည်။ ဖက်ဒရယ်ဆိုတဲ့စကားက အဓိကလား ကျင့်သုံးမည့်စနစ်က အဓိကလားဆိုတာ ကွဲကွဲပြားပြားသိမြင်ဖို့လိုသည်။ ဖက်ဒရယ်နိုင်ငံကြီးတွေဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုနဲ့ အိန္ဒိယနိုင်ငံတွေရဲ့ အခြေခံဥပဒေတွေကို လေ့လာကြည့်ပါ။ ဖက်ဒရယ်(Federal)ဆိုတဲ့စကားလုံးကို တွေ့ရဖို့ခက်ပါလိမ့်မယ်။ ဒါပေမဲ့ ပြည်ထောင်စု(Union)ဆိုတဲ့စကားလုံးနဲ့ ပြည်ထောင်စုစနစ်ရဲ့အနှစ်သာရကို ဖော်ဆောင်သွားတာဖြစ်ပါတယ်။

ချုပ်ပြီးပြောရမယ်ဆိုရင် နိုင်ငံတော်သမ္မတကြီးအနေနဲ့ မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဖြစ်နိုင်ခြေရှိတဲ့ပေးထားချက်ကို ပေးခဲ့တာဖြစ်တယ်။ ဒါကို ဘယ်လိုညှိနှိုင်းအဖြေရှာကြမလဲဆိုတာမစဉ်းစားဘဲ စကားလုံးတစ္ဆေခြောက်ပြီး တရားသေဝါဒကိုပဲ ဆုပ်ကိုင်ထားမယ်ဆိုရင်တော့ ပြည်ထောင်စုတည်ဆောက်ရေးခရီးလမ်းဟာ အလှမ်းဝေးကွာနေမှာဖြစ်တဲ့အတွက် စကားလုံးတစ္ဆေတွေနဲ့ တရားသေအန္တရာယ်ထဲက ရုန်းထွက်ကာ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ကြပါစေကြောင်း ဆုတောင်းလိုက်ပါရစေ-----။

# သူနာပြုသိပ္ပံ(ထားဝယ်)၌ သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲကျင်းပ

ထားဝယ် ဇွန် ၂၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သူနာပြုသိပ္ပံ(ထားဝယ်)ခန်းမ၌ သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့်ဦးဆောင်းအပ်နှင်းပွဲကို ဇွန်လ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးရန်ကြီးအောင်က မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရေးပါသော သူနာပြုဆရာ၊ ဆရာမများအဖြစ်မွေးထုတ်ပေးမည့် သူနာပြုဆရာ၊ ဆရာမလောင်းလျာများအတွက် ဂုဏ်ယူဖွယ်အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ သူနာပြုသိပ္ပံကမွေးထုတ်ပေးလိုက်သော သူနာပြု-သားဖွားများသည် အရည်အသွေးပြည့်ဝမှသာ ပြည်သူလူထုကို ပြုစုမှုအရည်အသွေးပြည့်ဝစွာ စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အဆင့်အတန်းမြင့်မားစေရေးဆောင်ရွက်ရာတွင် ပြည်သူများအားထားရသည့် အရည်အချင်းရှိသော သူနာပြုကောင်းများထွက်ပေါ်လာအောင် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ကျောင်းအုပ်ကြီးဒေါ်သင်းသင်းလှိုင်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူ ၈၀ ဦးအား ဂျူတီကုတ်နှင့်ဦးဆောင်းအပ်နှင်းခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လတ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ် ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၂၃ ရက်က အင်းစိန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မာဝင်း၊ စာရေးဆရာမ တက္ကသိုလ်မြမဥ္စူ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဆွေရီမြင့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နုနုအေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဥမ္မာအောင်တို့ကပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ၊ ယခင်နှင့် ယနေ့ခေတ်အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ၊ အမျိုးသမီးများ၏ အခန်းကဏ္ဍများ၊ အမျိုးသမီးတို့အရေး ဆောင်ရွက်နေမှုများနှင့် အမျိုးသမီးများ အကြမ်းဖက်ခံရမှုများနှင့် ပတ်သက်၍ လိုက်ပါဆောင်ရွက်နေမှုများကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေယမင်းဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာရေးဆရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ဇလွန်မြို့နယ်၌ ဂေါ်ဖီထုပ်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဇလွန် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်၌ ဂေါ်ဖီထုပ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်သူဇာ၏ပြောပြချက်အရ သိရသည်။

ဇလွန်မြို့နယ်၌ ယခုနှစ် ဇွန်လ တတိယပတ်မှစတင်ပြီး ဂေါ်ဖီထုပ်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ဂေါ်ဖီထုပ် အထုပ်ရေ ၁၇၀၀၀ မှ ၂၅၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"အရောင်းအဝယ်ဖြစ်နေတဲ့ဂေါ်ဖီထုပ်တွေက ပိုးမွှားကင်းရှင်းတာတွေ့ရပါတယ်။ ဒေသတွင်းစားသုံးမှုများတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးတဲ့သူတွေအပြင် လုပ်သားတွေနဲ့ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဒေါ်ခင်သူဇာကပြောသည်။

ဇလွန်မြို့နယ်၌ လက်ရှိအရောင်းအဝယ်ကောင်းမွန်နေသည့် ဂေါ်ဖီထုပ် အရွယ်အစားအပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။ **သုတကျော်**

# ပင်းတယမြို့နယ်၌ ကျောင်းသားအားကစားနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် အသိပညာပေးဟောပြော

ပင်းတယ ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ဆင်ခေါင်းရပ်ကွက် အကြိုသက်မွေးအခြေခံပညာအထက်တန်းကျောင်း ပညာ့ရောင်ခြည်ခန်းမ၌ ဇွန်လ ၂၃ ရက်က ကျောင်းသားအားကစားနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့်ကာယပညာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုအောင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သီဟဦးတို့က အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် ကာယပညာလေ့ကျင့်ရေးများ ဆောင်ရွက်ပေးနိုင်ရန် အသိပညာပေး ဆွေးနွေးဟောပြောကြသည်။ အခမ်းအနားသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၇၀၀ ဦးခန့်တက်ရောက်ခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို အားကစားနှင့်ပတ်သက်၍ မေးခွန်းများကို မေးမြန်းရာ မှန်ကန်စွာဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူ ငါးဦးအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၀၅)

# ယခုဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပြည်ပသို့ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀၀၀၀ ကျော်ရရှိထား

ရန်ကုန် ဇွန် ၂၄

ယခုဘဏ္ဍာနှစ် ဧပြီလမှ မေလအထိ နှစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၀၀၀၀ ကျော်ရရှိထားကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်၏ပြောကြားချက်အရ သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလနဲ့ မေလနှစ်လတာကာလအတွင်း ပြည်ပကို ပျားရည်တင်ပို့မှုအနေနဲ့ ပုဂ္ဂလိကကဏ္ဍကနေ မက်ထရစ်တန် ၁၆၂ ဒသမ ၈ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၄ သန်း ရရှိခဲ့ပါတယ်" ဟု ဦးမျိုးတင်ကပြောသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပျားရည်တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့ခြင်းဖြစ်သည်။

ပြည်တွင်း၌ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ထုတ်လုပ်ပြီး ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ်အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့တင်ပို့ကာ ပြည်ပနိုင်ငံများသို့ ပျားရည်တင်ပို့မှုမှ နှစ်စဉ်နိုင်ငံခြားငွေရရှိကြောင်း သိရသည်။

**စောယု**



# ဥဇဘတ်ကစ္စတန်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် စံချိန်မှတ်တမ်းကောင်းများစွာကို စီရော်နယ်ဒိုပိုင်ဆိုင်ခဲ့



ဝါရှင်တန် ဇွန် ၂၄

၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ကစားသည့် ပေါ်တူဂီအသင်းနှင့် ဥဇဘတ်ကစ္စတန် အသင်းတို့ပွဲစဉ်တွင် ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ပြီးနောက် စံချိန်မှတ်တမ်းကောင်းများစွာကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ်ကစားသည့် ကွန်ဂိုအသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသော်လည်း ဥဇဘတ်ကစ္စတန် အသင်းနှင့်ပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပွဲချိန်ခြောက်မိနစ်နှင့် ၃၉ မိနစ်တို့တွင် အသင်းအတွက် ဂိုးများသွင်းယူနိုင်ပြီးနောက် စံချိန်မှတ်တမ်းကောင်းများစွာကို ပိုင်ဆိုင်ခဲ့သည်။

စီရော်နယ်ဒိုသည် ဥဇဘတ်ကစ္စတန်အသင်းနှင့် ပွဲစဉ်၌ ဂိုးသွင်းယူနိုင်ပြီးနောက် ပေါ်တူဂီအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးပြည့်မြောက်ခဲ့သည့်အတွက် ပေါ်တူဂီအသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ကိုးဂိုးဖြင့်ရပ်တည်နေသော အူစီဘိုင်အို၏စံချိန်ကို ကျော်ဖြတ်ပြီး သွင်းဂိုးအများဆုံးကစားသမားဖြစ်လာသည်။

အလားတူ စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင်လည်း ခြောက်ကြိမ်ဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် တစ်ဦးတည်းသောကစားသမားအဖြစ်စံချိန်တင်နိုင်ခဲ့သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ခြောက်ကြိမ်ဆက်ပါဝင်ကစားခွင့်ရရှိပြီး သွင်းဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၀ ဂိုးပြည့်မြောက်ခဲ့သည့်အတွက် ဥရောပ၌ ယူရိုပြိုင်ပွဲနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနှစ်ရပ်တွင် သွင်းဂိုး ၁၀ ဂိုးနှင့်အထက်သွင်းယူနိုင်သည့် တစ်ဦးတည်းသော ကစားသမားအဖြစ်ပါ မှတ်တမ်းဝင်ခဲ့သည်။ စီရော်နယ်ဒိုသည် ယူရိုပြိုင်ပွဲတွင်လည်း ၁၄ ဂိုးသွင်းယူထားနိုင်ကြောင်း သိရသည်။ *Ref:B/R Football*

## မန်စီးတီးအသင်းက နည်းပြသစ်အဖြစ် မာရက်ကာအား ၂၀၂၉ ခုနှစ်အထိခန့်အပ်

မန်ချက်စတာ ဇွန် ၂၄

မန်စီးတီးအသင်းက အသင်းနည်းပြသစ်အဖြစ် နည်းပြမာရက်ကာအားခန့်အပ်ရန်အတွက် ချယ်လ်ဆီးအသင်းထံ လျော်ကြေး စတာလင်ပေါင် ၁၀ သန်း ပေးချေရန် သဘောတူညီမှုရရှိပြီးနောက် ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခန့်အပ်ကြောင်းအတည်ပြုကြေညာခဲ့သည်။

မန်စီးတီးအသင်းကို ဆုဖလားများစွာဆွတ်ခူးပေးနိုင်ပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာ တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြဂွါဒီယိုလာသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က အသင်းနည်းပြရာထူးမှ ထွက်ခွာခဲ့သည့်အတွက် မန်စီးတီးအသင်းနည်းပြနေရာ လစ်လပ်နေခြင်းဖြစ်သည်။

မန်စီးတီးအသင်းက အစောပိုင်းကလည်း နည်းပြသစ်အဖြစ် မာရက်ကာအားခန့်အပ်ရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိထားသော်လည်း မာရက်ကာ၏ အသင်းဟောင်း ချယ်လ်ဆီးအသင်းနှင့် စာချုပ်ဖျက်သိမ်းရန် လျော်ကြေးညှိနှိုင်းမှုများကြောင့် ကြန့်ကြာနေခြင်းဖြစ်သည်။

နည်းပြမာရက်ကာအနေဖြင့် ပြီးခဲ့သည့်ဇန်နဝါရီလက ချယ်လ်ဆီးအသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့သော်လည်း စာချုပ်ပါအချက်အလက်များအရ စာချုပ်သက်တမ်းမှာ ၂၀၂၉ ခုနှစ်အထိ ကျန်ရှိနေသည့်အတွက် မန်စီးတီးအသင်းက စာချုပ်ဖျက်သိမ်းကြေးပေးချေခဲ့ရကြောင်း သိရသည်။*Ref:Fabrizio Romano*

## စပါးအသင်းက တိုနယ်လီအားခေါ်ယူရန် စတာလင်ပေါင် သန်း ၁၀၀ ဖြင့် နယူးကာဆယ်အသင်းထံ ထပ်မံကမ်းလှမ်း

လန်ဒန် ဇွန် ၂၄


စပါးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းမှ ကွင်းလယ်ကစားသမား တိုနယ်လီအားခေါ်ယူရန် ပြောင်းရွှေ့ကြေးတိုးမြှင့်ပြီး စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ထပ်မံကမ်းလှမ်းခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စံချိန်တင်ရလဒ်ဆိုးများဖြင့် တန်းဆင်းဇုန်မှလွတ်ရန် ရုန်းကန်ခဲ့ရသည့်အတွက် အသင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန်ကြိုးပမ်းနေပြီး နည်းပြသစ်အဖြစ် ဘရိုက်တန်အသင်းနည်းပြဟောင်း ဒီဇာဘီအား ခန့်အပ်ခဲ့ကာ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားများကိုခေါ်ယူအင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

စပါးအသင်းသည် တိုနယ်လီအား ခေါ်ယူရန် ပြီးခဲ့သည့်ရက်ပိုင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ်လုပ်ဆောင်ခဲ့သော်လည်း နယူးကာဆယ်အသင်းက ပယ်ချသည့်အတွက် ယခုအခါ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သော စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ထပ်မံကမ်းလှမ်းခြင်းဖြစ်သည်။

တိုနယ်လီသည် ၂၀၂၃ ခုနှစ်က အေစီမီလန်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်သူဖြစ်သည်။ တိုနယ်လီသည် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့်အတွက် ၎င်းကို စပါးအသင်းအပြင် မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ကလည်း ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

*Ref:Fabrizio Romano*



## မန်ယူအသင်းက ကွင်းသစ်တည်ဆောက်ရန် မြေနေရာဝယ်ယူနိုင်ပြီးနောက် ကွင်းသစ်ကို ၂၀၃၀ ပြည့်နှစ်တွင်အပြီးတည်ဆောက်ရန်လျာထား

မန်ချက်စတာ ဇွန် ၂၄

မန်ယူအသင်းသည် လက်ရှိအသုံးပြုနေသည့် အိုးထရက်ဖို့ဒ်အားကစားကွင်းအနီး၌ အိမ်ကွင်းသစ်တည်ဆောက်ရန် မြေနေရာဝယ်ယူနိုင်ပြီးနောက် အိမ်ကွင်းသစ်စီမံကိန်းကို မကြာမီလုပ်ဆောင်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်ရန် လျာထားကြောင်း သိရသည်။

မန်ယူအသင်းသည် အသင်းအိမ်ကွင်းအဖြစ် ပရိသတ်ဦးရေ ၈၀၀၀၀ ကျော်ဝင်ဆံ့သည့် အိုးထရက်ဖို့ဒ်အားကစားကွင်းအနီး၌ ပရိသတ်ဦးရေ တစ်သိန်းကျော်ဝင်ဆံ့နိုင်မည့် အိမ်ကွင်းသစ်တည်ဆောက်ရန် စီမံကိန်းကိုကြေညာခဲ့ပြီးနောက် ယခုအခါ ကွင်းသစ်တည်ဆောက်ရန် မြေနေရာဝယ်ယူနိုင်ပြီးနောက် စီမံကိန်းကို မကြာမီစတင်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် အသင်းအိမ်ကွင်းသစ်စီမံကိန်းအတွက် ကုန်ကျစရိတ် စတာလင်ပေါင် နှစ်ဘီလီယံခန့်အသုံးပြုမည်ဖြစ်ပြီး မကြာမီ စီမံကိန်းစတင်လုပ်ဆောင်မည်ဖြစ်ကာ ၂၀၃၀ ပြည့်နှစ်တွင် စီမံကိန်းကို အပြီးသတ်လုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိ အသင်းအိမ်ကွင်း အိုးထရက်ဖို့ဒ် အားကစားကွင်းကြီးသည် အစောပိုင်းက အင်္ဂလန်နိုင်ငံ၌ အကြီးမားဆုံးအားကစားကွင်းအဖြစ် ရပ်တည်နေသော်လည်း နောက်ပိုင်းတွင် ပြိုင်ဘက်အသင်းများက အားကစားကွင်းသစ်များကို အဆင့်မြှင့်တင်တည်ဆောက်ပြီးနောက် အိုးထရက်ဖို့ဒ်အားကစားကွင်းမှာ လိုအပ်ချက်များရှိနေသည့်အတွက် မန်ယူအသင်းတာဝန်ရှိသူများက အိုးထရက်ဖို့ဒ်အားကစားကွင်းအနီး မီတာ ၃၅၀ ခန့်အကွာတွင် အဆင့်မြင့်အိမ်ကွင်းသစ်တည်ဆောက်မည်ဖြစ်သည်။

မန်ယူအသင်း၏ အိမ်ကွင်းသစ်စီမံကိန်းတွင် အားကစားကွင်းအပြင် အထူးစီးပွားရေးဇုန်နှင့် လမ်းပန်းဆက်သွယ်ရေးဇုန်တို့ကိုပါ ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

*Ref:Topskills Sports UK*

# လယ်ဝေးမြို့၌ ရေမြေရာသီဥတုနှင့်ကိုက်ညီသော ကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုရေး တောင်သူပညာပေးဆွေးနွေး

နေပြည်တော် ဇွန် ၂၄

နေပြည်တော်ကောင်စီနယ်မြေလယ်ဝေးမြို့နယ်ရှိကြံစိုက်တောင်သူများ၏ကြံသီးနှံအထွက်နှုန်းတိုးတက်ပြီး လူနေမှုဘဝမြင့်မားလာစေရန်ရည်ရွယ်၍ ရေမြေရာသီဥတုနှင့်ကိုက်ညီသော ကြံစိုက်နည်းစနစ်များ ဖော်ထုတ်အသုံးပြုနိုင်ကြရန် တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင်စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံမျိုးသန့်ခြံ(ကမ်းပါးနီ) ရှိ စိုက်ကွက်အမှတ်-B2 အထူးအထွက်တိုးစံပြကွက်၌ ဆောင်ရွက်သည်။

အဆိုပါတောင်သူပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ကြံသီးနှံမျိုးသန့်ခြံ(ကမ်းပါးနီ) ခြံတာဝန်ခံ ဦးလေးအောင်နှင့်တာဝန်ရှိသူများက ရေမြေရာသီဥတုနှင့်ကိုက်ညီသော ကြံစိုက်နည်းစနစ်များဖော်ထုတ်အသုံးပြုရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ပြီး ပန်းတင်၊ ကြောင်ရေပိတောက်ချောင်၊ ပြောင်ခေါင်းကြီး၊ သာယာစု စသည့်ကျေးရွာတို့မှ တောင်သူ ၃၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၀၂)

→ ကျောဖုံးမှအဆက်

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇွန်လ ၁၆ ရက်နေ့ ည ၇ နာရီခွဲအချိန် စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ သန်းစိုးအား မော်ဘီမြို့နယ်၊ ပိန္နဲကုန်းကျေးရွာတွင် စိတ်ကြွဆေးပြား ၂၅၀၀၀ ပြား၊ ဆိုင်ကယ် ၁ စီးတို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၁၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၄ ဒသမ ၂၅ သိန်းအား ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား အဓိကသယ်ဆောင်ခိုင်းသူမှာ မော်ဘီမြို့နယ်၊ အေးမေတ္တာကျေးရွာနေ ညီညီလွင်(ခ)ကိုညီ(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ၎င်း၏ စီမံမှုဖြင့် ဆင်ပေါင်ဝဲမြို့နယ်၊ ငါးရံ့ချောင်းကျေးရွာနေ ဇင်ကိုလတ်(ဖမ်းဆီးရန်ကျန်)နှင့် ညောင်ဦးမြို့နယ်၊ နတ်ပလင်ကျေးရွာနေ မင်းခန့်စိုး(ဖမ်းဆီးရန်ကျန်)တို့မှ ပြည်မြို့တွင် တစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၁၀၀)



တရားခံ သန်းစိုးအား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ အုပ်စုပွဲစဉ်များ

| | | | |
|---|---|---|---|
| အုပ်စု(K) ပေါ်တူဂီ | ၅ | ၀ | ဥဇဘက်ကစ္စတန် |
| အုပ်စု(L) အင်္ဂလန် | ၀ | ၀ | ဂါနာ |
| အုပ်စု(L) ပနားမား | ၀ | ၁ | ခရိုအေးရှား |
| အုပ်စု(K) ကိုလံဘီယာ | ၁ | ၀ | ကွန်ဂို |

| နံနက် | ၂၆-၆-၂၀၂၆ | | | |
|---|---|---|---|---|
| ၂ နာရီ ၃၀ မိနစ် | အုပ်စု(E) | ကူရာဆောင်း | Vs | အိုင်ဗရီကိုစ့် |
| | အုပ်စု(E) | အီကွေဒေါ | Vs | ဂျာမနီ |
| နံနက် ၅ နာရီ ၃၀ မိနစ် | အုပ်စု(F) | ဂျပန် | Vs | ဆွီဒင် |
| | အုပ်စု(F) | တူနီးရှား | Vs | နယ်သာလန် |
| နံနက် ၈ နာရီ ၃၀ မိနစ် | အုပ်စု(D) | ပါရာဂွေး | Vs | ဩစတြေးလျ |
| | အုပ်စု(D) | တူကီယဲ | Vs | အမေရိကန် |

## ထူးခြားသည့် နေ့အပူချိန်များ

၂၄-၆-၂၀၂၆

| | | | |
|---|---|---|---|
| ချောက် | ၃၇ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | |
| ကျောက်ဆည် (လွန်ကျော်) | ၃၅ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| မြိတ် | ၃၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| ကော့သောင်း | ၃၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပျောက်ဆုံးကြောင်း**
မောင်ဆွတ်ရိန်နေခနော်(ဘ)ဦးမြတ်မိုးမြင့် ၁/မကတ(နိုင်)၁၂၈၃၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 028648)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

**ပျောက်ဆုံးကြောင်း**
ဖြိုးဖြိုးအောင်(ဘ)ဦးထွန်းအောင် ၈/မကန(နိုင်)၃၁၀၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၆၂၇၈၀၅

**ပျောက်ဆုံးကြောင်း**
သန္တာငွေး(ဘ)ဦးရဲစန်း ၉/မခန(နိုင်)၀၀၆၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၂၁၅၆၉၉

**ပျောက်ဆုံးကြောင်း**
လွင်ဦး(ဘ)ဦးကျော်ဝင်း ၁၂/ကခက(နိုင်)၀၇၅၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(E)မှ နမ့်လင်းလင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးရှင်းလင်း ၁၄/ငပတ(နိုင်)၀၄၀၆၆၅ ဖြစ်ပါကြောင်း။ ဦးရှင်းလင်း

**ပျောက်ဆုံးကြောင်း**
ပိုးအိဖြူ(ဘ)ဦးငွေးမြင့် ၇/အတန(နိုင်)၁၁၂၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဝေဝေအောင်(ဘ)ဦးမြအေး ၁၂/လကန(နိုင်)၂၀၇၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၁၀၀၈၅၀၀

**ပျောက်ဆုံးကြောင်း**
နှင်းဝတ်ရည်(ဘ)ဦးဇော်မြင့်နိုင် ၁၂/လကန(နိုင်)၂၅၉၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၇၄၀၀၃၃

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(B)မှ နော်မူးလောအယ်၏ဖခင်အမည်မှန်မှာ စောသားသားကြီး ၁၄/ငပတ(နိုင်)၁၈၆၈၆၉ ဖြစ်ပါကြောင်း။ စောသားသားကြီး

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(F)မှ မောင်ဖြိုးမင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးကိုဇော် ၁၄/ငပတ(နိုင်)၁၃၉၅၀၆ ဖြစ်ပါကြောင်း။ ဦးကိုဇော်

**ပျောက်ဆုံးကြောင်း**
ချိုချိုအေး(ဘ)ဦးညီတင် ၈/မသန(နိုင်)၀၉၇၇၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၀၂၃၅၄၆

**ပျောက်ဆုံးကြောင်း**
စိုင်းဘအေး(ဘ)ဦးစိုင်းလှဝင်း ၁၃/လခတ(နိုင်)၀၄၂၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၂၄၁၃၀

**ပျောက်ဆုံးကြောင်း**
ရီရီသန်း(ဘ)ဦးသန်းငွေး ၁၁/စတန(နိုင်)၀၇၈၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(B)မှ နော်ဖောစေးဝါး၏ဖခင်အမည်မှန်မှာ စောပုလဲစေး ၁၄/သပန(နိုင်)၀၈၀၁၀၉ ဖြစ်ပါကြောင်း။ စောပုလဲစေး

**ပျောက်ဆုံးကြောင်း**
စန်းသူဇာ(ဘ)ဦးမြင့်တင် ၁၂/ဒလန(နိုင်)၀၅၀၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရွှေရည်မေမောင်(ဘ)ဦးသန်းထိုက် ၉/မသန(နိုင်)၁၆၂၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၁၂၈၀၆၃၆

**မိခင်အမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-11 မှ မောင်သက်အောင်၏မိခင်အမည်မှန်မှာ ဒေါ်မူဖေါ ၁၀/သထန(နိုင်)၂၄၉၀၉၅ ဖြစ်ပါကြောင်း။ ဒေါ်မူဖေါ

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(B)မှ နော်ဂျင်းနီမောင်မောင်၏ဖခင်အမည်မှန်မှာ စောဂျေမောင်မောင် ၁၄/ငပတ(နိုင်)၁၆၅၉၅၅ ဖြစ်ပါကြောင်း။ စောဂျေမောင်မောင်

**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ သနပ္ပင်စုကျေးရွာနေ မောင်ထွန်းနိုင်ဝင်း(ဘ)ဦးဝင်းလှိုင် ၈/မဘန(နိုင်)၁၇၁၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 595992)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ဖုန်း-၀၉-၉၇၀၈၅၈၅၁၆

**ပျောက်ဆုံးကြောင်း**
ကျော်ဇေယျာထက်(ဘ)ဦးတင်ပို ၉/တကန(နိုင်)၂၃၀၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဆုမြတ်ဝေ(ဘ)ဦးသိန်းမြို့ ၈/မသန(နိုင်)၁၇၀၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၈၅၉၉၇၈

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-12 မှ မမိုးစက်ပွင့်၏ဖခင်အမည်မှန်မှာ ဦးဇော်လတ် ၁၀/သထန(နိုင်)၂၁၄၅၂၉ ဖြစ်ပါကြောင်း။ ဦးဇော်လတ်

**ဖခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(B)မှ မဖူးမြတ်သွယ်၏ဖခင်အမည်မှန်မှာ ဆလိုင်းဇော်ဝင်းနိုင် ၁၄/ငပတ(နိုင်)၁၇၅၉၀၉ ဖြစ်ပါကြောင်း။ ဆလိုင်းဇော်ဝင်းနိုင်

**ဖခင်အမည်မှန်**
နတ်မောက်မြို့၊ အ.ထ.က(၂) Grade-7 မှ မောင်သူရနိုင်၏ဖခင်အမည်မှန်မှာ ဦးအောင်မင်းဦး ၈/နမန(နိုင်)၁၄၈၄၈၀ ဖြစ်ပါကြောင်း။ ဦးအောင်မင်းဦး

**ပျောက်ဆုံးကြောင်း**
နန်းထွေးရီ(ဘ)ဦးတင်လှယုံ ၃/ဘအန(နိုင်)၄၁၆၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၅၄၄၅၂၁

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade-12 မှ မဧခြည်၏ဖခင်အမည်မှန်မှာ ဦးစောထွန်းနိုင် ၁၀/သထန(နိုင်)၁၃၆၅၀၂ ဖြစ်ပါကြောင်း။ ဦးစောထွန်းနိုင်

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးမြို့နယ်၊ ဘုရားကြီး၊ အ.ထ.က၊ Grade-7 မှ မချစ်မြတ်နိုးဦး၏ဖခင် ဦးစိုးမင်းနှင့် ဦးစိုးမိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးစိုးမင်း(ခ)ဦးစိုးမိုး

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့၊ မိုင်းလွန်ကျေးရွာအုပ်စု၊ ငပိုးကြီးရွာနေ နော်ရှီစီ(ဘ)ဦးဝင်းကော်၃/သတန(နိုင်)၀၂၈၁၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ဖုန်း-၀၉-၄၅၀၂၅၁၇၆

**အလိမ္မာစာမှာရှိ**

### ဝမ်းနည်းကြေကွဲခြင်း
**စည်သူဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ လူမှုထူးချွန်(ဒုတိယအဆင့်)၊ အမျိုးသားစာပေတစ်သက်တာဆု(၂၀၂၁ ခုနှစ်)နှင့် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင် ဆရာကြီးဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ) အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်နေ ဒေါ်စိန်မေ၏ချစ်လှစွာသောခင်ပွန်း ဆရာကြီး ဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ)သည် ၂၄-၆-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီ ၁၃ မိနစ်တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(B)မှ နော်ဝါး ကပေါ၏ဖခင်အမည်မှန်မှာ စောခူဝါး ၁၄/ငပတ(နိုင်)၁၇၅၉၃၆ ဖြစ်ပါကြောင်း။

**စောခူဝါး**

### ပျောက်ဆုံးကြောင်း
စန်းဝေလင်း(ဘ)ဦးမြတ်စိုး ၇/ပခန(နိုင်)၄၇၈၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၀၈၉၂၁၅၉**

### အမျိုးသားစာပေတစ်သက်တာဆုရှင် အလင်္ကာကျော်စွာ၊ စည်သူတက္ကသိုလ်မြတ်သူ လူမှုထူးချွန်(ဒုတိယအဆင့်) အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ရွှေစေတီလမ်း၊ အမှတ်(၁၂)တွင် နေထိုင်သော ဒေါ်စိန်မေ၏ခင်ပွန်း၊ (ဦးခိုင်မြတ်အောင်)၊ ဒေါ်မေဆန်းမွန်၊ ဦးသန့်ဇင်+(ဒေါ်မေနန်းမွန်)၊ ဦးသန်းကျော်+ဒေါ်မေအေးမွန်၊ ဦးမျိုးဝင်းညွန့်+ဒေါ်မေချောစုမွန် တို့၏ချစ်လှစွာသောဖခင်၊ ဦးခိုင်ထက်အောင်+ဒေါ်သီသီဇော်၊ ဒေါ်မေအိမ့်ဒါလီမွန်၊ ဦးမျိုးမြတ်သန်းကျော်၊ ဒေါ်မေကေသရီသန်းကျော်၊ ဦးအာကာသန်းကျော်၊ ဦးခိုင်မျိုးစစ်အောင်၊ မဖူးမြတ်မေ၊ မောင်ဘုန်းမြတ်ဇေတို့၏အဘိုး၊ မောင်ခိုင်ရဲထက်အောင်၊ မောင်ရှိုင်းမြတ်အာကာတို့၏ဘိုးဘိုးကြီး စာရေးဆရာ၊ သတင်းစာဆရာ၊ ကြေးမုံသတင်းစာ အယ်ဒီတာချုပ်(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန(အကြံပေး)(ငြိမ်း)၊ အမျိုးသားစာပေဆု(ကဗျာဆု)၊ အမျိုးသားစာပေတစ်သက်တာဆုရှင်၊ အလင်္ကာကျော်စွာ၊ စည်သူတက္ကသိုလ်မြတ်သူ၊ ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆုရှင်၊ လူမှုထူးချွန်(ဒုတိယအဆင့်)သည် ၂၄-၆-၂၀၂၆ ရက်နေ့ ညနေ ၆:၁၃ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### မိခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ သာခုချောင်းကျေးရွာအုပ်စု၊ အ.ထ.က ဂုံညင်းတန်းကျောင်း Grade-12 မှ နော်ဆဲနဲမှူး၏ မိခင်အမည်မှန်မှာ နန်းတိုတီး ၁၄/ဇလန(နိုင်)၀၄၉၃၂၄ ဖြစ်ပါကြောင်း။ **နန်းတိုတီး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.မ.က(၅၂-သစ်စက်)Grade-3 မှ ဦးရန်လင်းအောင်၏သား မောင်ဘုန်းမင်းမြတ်နှင့် မောင်ဘုန်းမြင့်မြတ်မှာ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရန်လင်းအောင်(၉/ဥတသ(နိုင်)၀၀၀၉၂၂)**

### ပျောက်ဆုံးကြောင်း
လှိုင်လှိုင်ဝင်း(ဘ)ဦးလှဝင်း ၁၃/နမတ(နိုင်)၀၀၀၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 162736)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### မွေးသက္ကရာဇ်အမှန်
ပျဉ်းမနားမြို့၊ အ.ထ.က(၂) Grade-5 တွင် ပညာသင်ကြားနေသော အဘ ဦးကျော်ဒွေး ဝင်း ၉/ဝတန(နိုင်)၁၄၁၄၂၈ ၏သား မောင်လွင်ကိုကို၏မွေးသက္ကရာဇ်အမှန်မှာ ၂၅-၃-၂၀၁၅ ဖြစ်ပါကြောင်း။ **၂၅-၃-၂၀၁၅**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(C)မှ စစော သက်ထွေး၏ဖခင်အမည်မှန်မှာ စောရွှေသိန်း ၁၄/ငပတ(နိုင်)၀၂၂၂၈၂ ဖြစ်ပါကြောင်း။

**စောရွှေသိန်း**

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ Grade-12(B)မှ ဆလိုင်းလင်းထက်စံ၏ဖခင်အမည်မှန်မှာ စောကလိုကွယ်ထူး ၁၄/ငပတ(နိုင်)၁၇၅၉၉၄ ဖြစ်ပါကြောင်း။ **စောကလိုကွယ်ထူး**

# အကောက်ခွန်ဦးစီးဌာန
# ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - (၁-၇-၂၀၂၆)ရက်နေ့ နံနက်(၁၀:၀၀)နာရီ၊

(ခ) နေရာ - ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများ၊

(ဃ) လေလံပုံစံရောင်းချခြင်း - ၂၆-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ(ရုံးဖွင့်ရက်) ရုံးချိန်အတွင်း လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်)တစ်စုံလျှင် ကျပ်(၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရောင်းချခြင်းနှင့် အာမခံစပေါ်ငွေ ပေးသွင်းခြင်းကို လက်ခံသွားမည်ဖြစ်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - အာမခံစပေါ်ငွေပေးသွင်းသူများကိုသာ ၂၆-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက် နံနက်(၁၀:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအထိ (၃)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း(၀၉-၄၂၀၀၀၅၉၂၀)နှင့် (၀၉-၂၅၄၀၇၃၃၀၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## မန္တလေးတိုင်းဒေသကြီး
## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကင်းတားလက်ဝဲမြောင်းမကြီး ဆက်စပ်ရေပေး မြောင်း ပေတိုင်-၃၆၂၄ မှ ၅၁၈၄ အတွင်း တူးမြောင်းပုံစံကျတည်ဆောက်ခြင်း လုပ်ငန်းအတွက် ကျပ်(၂၀၀)သန်းအထက် ဒီဇယ်ဆီဝယ်ယူခြင်းအတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဩော့ရိပ်သာ၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရယူရမည့်ရက် - ၂၅-၆-၂၀၂၆ မှ ၈-၇-၂၀၂၆

(ခ) တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် - ၈-၇-၂၀၂၆ ရက်၊ (၁၆:၃၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - ၁၀-၇-၂၀၂၆(ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - ၂၆ ဘီလမ်း၊ ၇၀ x ၇၁ လမ်းကြား၊ ဆည်မြောင်းဩော့ရိပ်သာ၊ မန္တလေးမြို့

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ပုသိမ်မီးပြတိုက် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောခရိုင်၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ မော်တင်စွန်းဘုရား၏ အနောက်တောင်ဘက် ရေမိုင် ၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်အတွင်းရှိ အယ်ဂွားတား ကျောက်တန်းပေါ်၌တည်ရှိသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပုသိမ်မီးပြတိုက်ကြီး၏ အတွင်းပိုင်းလှေကားများ၊ မဏ္ဍိုင်နှင့် အဆင့်လိုက် သံကူကွန်ကရစ်ခင်းများ၊ ပြတင်းတံခါးများ နှင့် မီးပြတိုက်သို့ဆက်သွယ်ထားသည့် သံကူကွန်ကရစ်တံတားပေ ၂၀၀ ခန့်တို့သည် နှစ်ကာလကြာမြင့်ပြီး ပျက်စီးယိုယွင်းမှုများရှိလာသည့်အတွက် အကြီးစားပြုပြင်ခြင်းအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ပုသိမ်မီးပြတိုက် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအား စိတ်ပါဝင်စားသည့် ကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား အောက်ပါအတိုင်းဝယ်ယူနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) လျှောက်လွှာဝယ်ယူရမည့်နေရာ - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာန

(ခ) လျှောက်လွှာရောင်းချမည့်နေ့ရက် - ၂၆-၆-၂၀၂၆ ရက်မှ ၁၄-၇-၂၀၂၆ ရက်အထိ(ရုံးချိန်အတွင်း)

(ဂ) လျှောက်လွှာလက်ခံမည့်နေ့ရက်နှင့်အချိန် - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်) ၁၆-၇-၂၀၂၆ ရက်နေ့ ၁၃၀၀ နာရီ

၃။ အသေးစိတ်မေးမြန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

၀၁၈၂၄၆၃၈၀၊ ၀၁၈၃၈၇၁၁၇-လိုင်းခွဲ ၂၁၁၊ ၀၉-၄၄၄၇၁၄၃၇၇၊ ၀၉-၂၅၂၇၁၀၁၁၈

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်ရောင်ခြည်ဌာနရှိ Barchytherapy(HDR)(Gamma Medplus ix)စက်၏ Iridium IR-192 Source (၁)နှစ်စာအတွက် (၃)လုံး ဝယ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသည့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၄-၆-၂၀၂၆(ဗုဒ္ဓဟူးနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက်/အချိန် - ၈-၇-၂၀၂၆(ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**တင်ဒါကော်မတီ**
**၀၁-၂၅၆၁၁၂ Ext;(၈၀၂)**

### သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
### မြန်မာ့သစ်လုပ်ငန်း
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**
(က) ဒီဇယ်ဆီ
(ခ) တာယာ (၂) မျိုး
(ဂ) ရုံးသုံးစက်ကိရိယာ (၂) မျိုး

၂။ ဒီဇယ်ဆီအတွက် ဝယ်ယူမည့် ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာ အသေးစိတ်အား ရောင်းချမည့် တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

တင်ဒါရောင်းချမည့်ရက် - ၂၃-၆-၂၀၂၆/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၉-၇-၂၀၂၆/ညနေ ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅**

### အမည်မှန်
ပဲခူးမြို့၊ ဘုရားကြီး အ.ထ.က၊ Grade -8 မှ အဘ ဦးသီဟအောင်၏သမီး မယွန်းပန်းအိမ်၏အမည်မှန်မှာ မထူးမြတ်သော်ဖြစ်ပါကြောင်း။

**မထူးမြတ်သော်**

### ပျောက်ဆုံးကြောင်း
ဘဒ္ဒန္တတိက္ခဉာဏ(ဘ)ဦးစိန်ထွန်း ၁၂/ဒလန(သ)၀၀၁၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
မောင်ဆိုင်းထွယ်(ဘ)ဦးဆင်ဝါးနော် ၁/မကန(နိုင်)၂၁၉၄၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 772977)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၈၈၃၃၄၀၂**

### ပျောက်ဆုံးကြောင်း
အောင်လွင်ထွေး(ဘ)ဦးခင်မောင်လွင် ၈/စလန(နိုင်)၁၉၈၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၈၉၉၅၀၁၄**

### ပျောက်ဆုံးကြောင်း
တင်မောင်ထွန်း(ဘ)ဦးထွန်းရွှေ ၉/မရတ(နိုင်)၁၀၃၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ထက်ဝေယံ(ဘ)ဦးဝင်းဒွေး ၉/တသန(နိုင်)၂၅၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၉၅၁၇၉၅၁**

### ပျောက်ဆုံးကြောင်း
စစ်ရန်နိုင်(ဘ)ဦးအေးချို ၁၂/သကတ(နိုင်)၂၁၈၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၂၀၀၆၀၈၀**

### ပျောက်ဆုံးကြောင်း
စုလှိုင်ဝေ(ဘ)ဦးဝင်းမြင့် ၉/အမရ(နိုင်)၂၁၇၃၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၆၈၅၈၇၅၅**

**ပျောက်ဆုံး ကြောင်း**
မျိုးဝင်းဒွေး(ဘ)ဦးနန်းရီ ၁၃/ဖခန(နိုင်)၀၉၀၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၈၁၂၀၃၃၇**

**ပျောက်ဆုံး ကြောင်း**
သန်းသန်းဝင်း(ဘ)ဦးကြည် ၉/ရမသ(နိုင်)၁၂၆၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 473924)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၇၃၁၄၄၉**

**ပျောက်ဆုံး ကြောင်း**
အိုင်းနွန်း(ဘ)ဦးအောင်ရတ် ၁၀/ရမန(နိုင်)၂၃၈၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၈၉၃၁၃**


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A GOLD MEDAL


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြိတ်တပ်နယ်နှင့်ကျွန်းစုမြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား၊ တပ်ရင်း / တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေး




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဇွန် ၂၄

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြိတ်တပ်နယ်နှင့်ကျွန်းစုမြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သီးခြားစီ သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက အမှာစကားပြောကြားရာတွင် ကြည်း၊ ရေ၊ လေ လက်ရုံးတပ်ဖွဲ့အသီးသီးရှိ တပ်မတော်သားအားလုံးသည် ညီရင်းအစ်ကိုသဖွယ်စိတ်ဓာတ်များဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်အရပ်ရပ်အား စတင်တာဝန်ယူထမ်းဆောင်ချိန်တွင် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် ဆောင်ရွက်လာသည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် ပြည်သူလူထုများနှင့် အတူတကွပူးပေါင်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၁၆ ကော်လံ ၁ ➢

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး၀-ယာကြီး-မုံရွာသို့ ဆက်သွယ်ထားသည့်လမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်



တပ်မတော်စစ်ကြောင်းများက ကလေး၀-ယာကြီး-မုံရွာလမ်းကြောင်းပေါ်ရှိ ကျော်ကျေးရွာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၄

နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းစေရေးနှင့် ဒေသတွင်းနေထိုင်ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ လုံခြုံစိတ်ချဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရ၏လမ်းညွှန်ထားမှုအပေါ် တပ်မတော်အနေဖြင့် ထိရောက်စွာကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းပိုင်းတွင်

စာမျက်နှာ ၂၂ ကော်လံ ၁ ❒

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ

စာမျက်နှာ ၁၃ ကော်လံ ၁ ⇨






တရားခံ ကိုကိုလွင်(ခ)ကိုကြီးအား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ပန်းတောင်းမြို့နယ်နှင့်မော်ဘီမြို့နယ်တို့တွင် ငွေကျပ် ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၄ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇွန်လ ၁၅ ရက်နေ့ ညနေ ၅ နာရီခွဲအချိန် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွာသစ်ကုန်းကျေးရွာအနီး ပြည်-ဥဿျှစ်ပင်သွားကားလမ်းတွင် ကိုကိုလွင်(ခ)ကိုကြီး မောင်းနှင်လာသော MITSUBISHI အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၁၄ သိန်း ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၂၉ ကော်လံ ၄ ➜

**မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အပြီးတွင် လက်ရှိချန်ပီယံ ရှေဝတီအသင်း ဆက်လက်ဦးဆောင်**

စာ - ၆ သို့